# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်    ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ တနင်္ဂနွေနေ့    အတွဲ(၆၆)၊ အမှတ်(၀၁၈)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


**ယနေ့ ဖတ် စ ရာ**

ကိုယ်ပိုင်မူဟန် စိုက်ထူပြန်သည့် ယဉ်ကျေးမှုအသိနှင့် အနုပညာအနှစ် — ဆောင်းပါး — စာ ၆

ကမ္ဘာ့စားသုံးသူတို့အကြိုက်ဆုံး မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေး၏ ရွှေရောင်ခရီးလမ်း — ဆောင်းပါး — စာ ၁၀

တက်စလာကုမ္ပဏီက ပျံသန်းနိုင်သည့်ကားကို စတင်မိတ်ဆက် — နိုင်ငံတကာသတင်း — စာ ၁၄


## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် အောက်တိုဘာ ၁၇

အောက်တိုဘာ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ကြောင်း သိရသည်။ မြန်မာ့အလင်း

# ဒုတိယသမ္မတ ဦးညိုစော တနင်္သာရီတိုင်းဒေသကြီး မြိတ်နှင့် ထားဝယ်မြို့များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဦးညိုစော တန် ၁၀၀ ကျ အိုကေရတနာ အဆင့်မြင့်ဆန်စက်၌ ဆန်ကြိတ်ခွဲ ထုတ်လုပ်နိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

ဒုတိယသမ္မတ ဦးညိုစောသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်လင်းမောင်၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲဝင်းအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်းများဖြစ်သည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



## ၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး

## ကျောက်စိမ်းအတွဲပေါင်း ၂၇၀၀ ကျော် ရောင်းချပေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ ဒသမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြပွဲတွင် အုပ်စု (စီ) မှ ကျောက်စိမ်းအတွဲများအနက် အတွဲအမှတ် (၂၃၅၆) မှ (၃၀၇၃) အထိ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက စစ်ဆေးကာ ကျောက်စိမ်းအတွဲပေါင်း ၆၇၅ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာပေးသည်။

ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် တင်ဒါ အောင်မြင်သည့် ကျောက်စိမ်းအတွဲများ အောင်စာရင်းထုတ်ပြန်

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## တီးတိန်မြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံ၌ 100mA Fixed Type Digital X-ray စက် တပ်ဆင်ပြီးစီး

**ဖလမ်း အောက်တိုဘာ ၁၇**

ချင်းပြည်နယ် တီးတိန်မြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံ၌ 100mA Fixed Type Digital X-ray စက် တပ်ဆင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

X-ray စက်တပ်ဆင်ခြင်းဖြင့် ရောဂါရှာဖွေခြင်းကို ချက်ချင်းဆောင်ရွက်နိုင်သည့်အပြင် ယင်းဓာတ်မှန်စက်မှ ကြည်လင်ပြတ်သားသော ဓာတ်မှန်ပုံရိပ်ရရှိနိုင်သောကြောင့် လူနာများအတွက် ရောဂါကုသရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ X-ray စက်တပ်ဆင်ပြီးစီးမှု၊ လက်တွေ့အသုံးပြု၍ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန

*စာမျက်နှာ ၃ ကော်လံ ၅* ❑






# ညီညွတ်ရေးက အရေးကြီး

**"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေး ဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်"**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ *ရွှေဖုံးမှ*

မြန်မာမာကိုအင်ဒတ်စထရီ ကုမ္ပဏီလီမိတက်၏ နိုင်ငံခြားသွင်းကုန် အစားထိုး ငါးသေတ္တာ စည်သွတ်ဘူးထုတ်လုပ်နေမှု၊ တစ်ရက်လျှင် တန် ၁၀၀ ကျ အိုကေရတနာ အဆင့်မြင့်ဆန်စက် လည်ပတ်ဆောင်ရွက်နေမှုနှင့် ဆန်ကြိတ်ခွဲထုတ်လုပ်နိုင်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့ရှိ ငါးလေလံဈေးနှင့် ငါးလုပ်ငန်းများ ဆောင်ရွက်မည့် နေရာသို့ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုလေ့လာကာ ငါးလေလံဈေး၌ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်မြို့သို့ရောက်ရှိပြီး ထားဝယ်မြစ်ရေစီးဆင်းမှုနှင့် ထားဝယ်ရိုးရာသပိတ်မှောက်ပွဲကျင်းပမည့်နေရာကိုလည်းကောင်း၊ ဆိုလာလျှပ်စစ် ဓာတ်အားပေးစနစ်ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ရွှေဥသြထားဝယ်ရိုးရာ ရက်ကန်းစက်ရုံ၏ ထားဝယ်ရိုးရာ လုံချည်အမျိုးမျိုး ထုတ်လုပ်နေမှုနှင့် ကျော်ကျော်မုန့်တိုက်၏ ကိတ်မုန့်အမျိုးမျိုး ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ထားဝယ်မြို့ အဆင့်မြင့်ဈေးတည်ဆောက်ရန် သတ်မှတ်လျာထားသည့် မြေနေရာကိုလည်းကောင်း လှည့်လည်ကြည့်ရှုရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ထားဝယ်မြို့ရှိ လောကမာရဇိန်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်ကာ စေတီတော်ပရိဝုဏ်အတွင်း လှည့်လည်ကြည်ညိုသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက နိုင်ငံတော်သမ္မတ တနင်္သာရီတိုင်းဒေသကြီးသို့ လာရောက်သည့် ခရီးစဉ်တွင် လမ်းညွှန်မှာကြားခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ MSME ထုတ်ကုန်များ ထုတ်လုပ် တင်ပို့နိုင်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး လိုအပ်သည်များကို ဆောင်ရွက်နိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများဖွံ့ဖြိုး တိုးတက်အောင် အားပေးဆောင်ရွက်ရန်၊ နိုင်ငံတကာ ဈေးကွက်ရှိသည့် ကော်ဖီနှင့် ကိုကိုး တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးအတွင်း ဆန်နှင့် ဆီဖူလုံမှုရှိအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်၊ ဒေသနှင့် ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူနိုင်ရေး အားပေးဆောင်ရွက်ရန်၊ လောင်းလုံသဘာဝဘေး ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သက်ရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အသေးစိတ်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှာကြားမှုများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ တိုင်းဒေသကြီး၏ ခုနှစ်အလိုက် စိုက်ပျိုး၊ မွေးမြူရေးဆောင်ရွက်ခဲ့မှု၊ ထွက်ရှိမှုနှင့် ဒေသတွင်းဝမ်းစာဖူလုံမှုအခြေအနေ၊ နှစ်အလိုက် ကုန်သွယ်ခဲ့မှုနှင့် ဝင်ငွေရရှိခဲ့မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့မှု၊ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်တင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ တွေ့ဆုံပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## MSME လုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေး အစီအစဉ်တွင် ပါဝင်သည့် သင်တန်းသားများအနေဖြင့် စမ်းသပ်မည့် အကြံဉာဏ်တစ်ခု၊ ရက်ပေါင်း ၃၀ လုပ်ငန်းအစီအစဉ်တစ်ခုဖြင့် စတင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၇

MSME လုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေး လုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည် မြှင့်တင်ရေးအစီအစဉ်တွင် ပါဝင်သည့် သင်တန်းသားများအနေဖြင့် သင်တန်းပြီးဆုံးချိန်တွင် စမ်းသပ်မည့် အကြံဉာဏ်တစ်ခု၊ ရက်ပေါင်း ၃၀ လုပ်ငန်းအစီအစဉ်တစ်ခုဖြင့် စတင်ဆောင်ရွက်သွားကြစေလိုကြောင်း စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် MSME လုပ်ငန်းရှင်များနှင့် အစပျိုး စီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေး အစီအစဉ်၌ တိုက်တွန်းပြောကြားခဲ့သည်။



ထို့ပြင်လူငယ်များအနေဖြင့် မိမိတို့၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ဒေသအရင်းအမြစ်များကို အသုံးချဆောင်ရွက်ကြရန်လိုကြောင်း၊ MSME တစ်ခု အောင်မြင်လာပါက အလုပ်အကိုင်များ ဖန်တီးနိုင်မည်ဖြစ်ပြီး MSME များစွာအောင်မြင်လာပါက ဒေသစီးပွားရေး တိုးတက်လာစေနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ဒေသစီးပွားရေးများ တိုးတက်လာမှုနှင့်အတူ နိုင်ငံ့ထုတ်လုပ်မှု၊ ပို့ကုန်နှင့် နိုင်ငံ့ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်အတွက်ပါ တန်ဖိုးရှိသည့် လုပ်ငန်းများ ဖန်တီးကြရန်နှင့် ယခုသင်တန်းမှ လက်တွေ့အောင်မြင်သော အစပျိုးစီးပွားရေး လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန် ဆန္ဒပြုကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် ဥက္ကဋ္ဌက အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးအစီအစဉ် – ၂၀၂၆ နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအစီအစဉ်ကို အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ယနေ့ ဆွေးနွေးမှုများအဖြစ် တာဝန်ရှိသူများက စီးပွားရေး စတင်ခြင်းမှ ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းအဖြစ် တည်ဆောက်ခြင်း၊ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများနှင့် လုပ်ငန်းတိုးချဲ့ရန် အခွင့်အလမ်းများ၊ ဈေးကွက်ဝင်ရောက်မှု မဟာဗျူဟာ၊ စွန့်ဦးတီထွင် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် မျှော်မှန်းချက်မှ လက်တွေ့စီးပွားရေးလုပ်ငန်းဆီသို့ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေး စတင်တည်ဆောက်မှုခရီး ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ရွှေဖုံးမှ*

ကြေညာနေမှုနှင့် တင်ဒါအောင်မြင်သည့် ပြည်တွင်းရတနာကုန်သည်များက မိမိတို့ တင်ဒါအောင်ကျောက်အတွဲများအား စိစစ်ထုပ်ပိုးသိမ်းဆည်းနေမှုကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယခုကျင်းပသည့် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၇၀၀ အနက်မှ ၆၂၉ တွဲကိုလည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက်မှ အတွဲ ၇၀ ကိုလည်းကောင်း၊ အုပ်စု (အေနှင့်ဘီ)တို့မှ ကျောက်စိမ်း အတွဲပေါင်း ၁၆၀၅ တွဲအနက်မှ ၁၃၄၉ တွဲကိုလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၄၆၈ တွဲအနက်မှ ၁၄၀၈ တွဲကိုလည်းကောင်း နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို အောင်မြင်စွာကျင်းပနိုင်ရေး နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစေရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ခေတ်အဆက်ဆက် ပြပွဲများ၊ နှစ်လယ်ရတနာပြပွဲများ၊ အထူးရောင်းချပွဲများကျင်းပခဲ့ရာ ယခု ၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် (၁၀၄)ပွဲမြောက် ကျင်းပသည့်ပြပွဲဖြစ်ကာ ပြည်တွင်းရတနာကုန်သည်များအတွက် စီးပွားရေးအခွင့်အလမ်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)ကို အားပေးမြှင့်တင်နိုင်စေရန် ရည်ရွယ်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ *တီးတိန်မြို့မှ*

ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် နိုင်ငံတော်အကြီးအကဲက ဒေသခံပြည်သူများ ကောင်းမွန်သည့် ဝန်ဆောင်မှုရရှိနိုင်ရန် ရည်ရွယ်ဖြည့်ဆည်းပေးခြင်းဖြစ်သည့်အတွက် အကျိုးရှိရှိ အသုံးပြုရန်နှင့် စက်ထိန်းသိမ်းခြင်းကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။ ယနေ့နံနက်ပိုင်းတွင် ဖလမ်းခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဖလမ်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရမုန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ရီ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံ

**ပဲခူး အောက်တိုဘာ ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union–MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော် ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး ဥသာပြည့်စုံခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**




တွေ့ဆုံစဉ်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအကြား လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာ လွှတ်တော်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံနိုင်ရေးတို့အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union–MPU) ကို ဖွဲ့စည်းထားပါကြောင်း၊ မိမိတို့လွှတ်တော်များသည် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိုင်းခြားထားသော်လည်း မိမိတို့အားလုံးသည် ပြည်သူများကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသကဲ့သို့ လွှတ်တော်၏ တာဝန် ၃ ရပ်ဖြစ်သည့် ဥပဒေပြုခြင်း၊ ပြည်သူကို ကိုယ်စားပြုခြင်းနှင့် အခြားမဏ္ဍိုင်များနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် တူညီကြပါကြောင်း။

မိမိတို့ တာဝန်ထမ်းဆောင်သည့် သက်တမ်းကာလအတွင်း လွှတ်တော်များသည် စွမ်းရည်မြင့်မား၍ ပြည်သူကိုဗဟိုပြုသည့် ခေတ်မီလွှတ်တော်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေး အနာဂတ်ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော်မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၇–၂၀၃၁) ရေးဆွဲထားရှိပြီး ဥပဒေပြုရေးတွင် ထိရောက်မှုရှိရေး၊ စောင့်ကြည့်ထိန်းညှိရေးနှင့် တာဝန်ခံမှုရှိရေး၊ ပြည်သူနှင့်ထိတွေ့၍ ပြည်သူကို ကိုယ်စားပြုရေး၊ နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်ဝန်ထမ်းများ စွမ်းရည်မြင့်မားရေး၊ သုတေသနစွမ်းဆောင်ရည် မြင့်မားရေး၊ ဒီဂျစ်တယ်လွှတ်တော်စနစ် ဖွံ့ဖြိုးရေးစသည့် မဟာဗျူဟာရည်မှန်းချက် (၆) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါရည်မှန်းချက်(၆)ရပ်အပေါ်မူတည်၍ မိမိတို့တိုင်းဒေသကြီးလွှတ်တော်နှင့် ကိုက်ညီသည့် အချက်များအား နည်းဗျူဟာရေးဆွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကိုယ်စားလှယ်၏ တာဝန်များကို ဂုဏ်သိက္ခာရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်း (Code of conduct) ရေးဆွဲသွားရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်မြင့်မားစွာဖြင့် အမြင်ကျယ်ကျယ် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဥပဒေရေးရာကိစ္စရပ်များတွင်လည်း နှံ့စပ်ကျွမ်းကျင်ရန် လိုအပ်ပါကြောင်း၊ လွှတ်တော်တွင် အရည်အသွေးမြင့်မားသည့် မေးခွန်းနှင့် အဆိုများ မေးမြန်းနိုင်ရေးအတွက် ပြည်တွင်းပြည်ပ ဗဟုသုတများ ပြည့်စုံကြွယ်ဝရန်လိုအပ်ပြီး လွှတ်တော်သို့ မေးမြန်းသည့် မေးခွန်းနှင့်အဆိုများသည် နိုင်ငံတော်မှတရားဝင်ဖော်ပြသည့် အသုံးအနှုန်းဖြစ်ရန်ကိုလည်း သတိပြုရေးသားပြောဆို ဆွေးနွေးရမည်ဖြစ်ပါကြောင်း။

လွှတ်တော်သက်တမ်း နုနယ်သေးသည့်အတွက်လည်း လွှတ်တော်၏ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အရှေ့တစ်ခုသို့ ရောက်အောင် လိမ္မာပါးနပ်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကို ပြည်သူများ ပိုမိုသိရှိစိတ်ဝင်စားစေရန်အတွက် မိမိတို့ ပြည်သူ့လွှတ်တော်တွင် Know Parliament, See Parliament, Open Parliament အစီအစဉ်များ ကျင့်သုံးဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီး လွှတ်တော်အနေဖြင့်လည်း အခြေအနေအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အကြံပြုလိုပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များကို အထောက်အကူပြုရသည့် လွှတ်တော်ဝန်ထမ်းများအနေဖြင့်လည်း နည်းပညာတတ်ကျွမ်းမှု၊ ရုံးလုပ်ငန်းကျွမ်းကျင်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို နားလည်တတ်ကျွမ်းပြီး အရည်အသွေးမြင့်မားသည့် ဝန်ထမ်းများဖြစ်စေရေး စဉ်ဆက်မပြတ် လေ့လာသင်ကြားနေရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအားလုံးက တက်ညီလက်ညီဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးက ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ လွှတ်တော်ဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **သတင်းစဉ်**

# ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် သတင်းအကြောင်းအရာများကို ရွေးချယ်ပြီး အကျိုးရှိထိရောက်သော မီဒီယာဝန်ဆောင်မှုများပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း မှာကြား

**မိုင်းဖြတ် အောက်တိုဘာ ၁၇**

ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် သတင်းအကြောင်းအရာများကို ရွေးချယ်ပြီး အကျိုးရှိထိရောက်သော မီဒီယာဝန်ဆောင်မှုများ ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ယနေ့နံနက်ပိုင်းတွင် မိုင်းဖြတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

ထို့ပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စေရန် ဒေသခံပြည်သူများ၏ ဆန္ဒ၊ လိုလားချက်နှင့် ပူးပေါင်းပါဝင်မှုတို့သည် အရေးကြီးသဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဒေသခံပြည်သူများ၏ အသံနှင့်အကြံပြုချက်များကို အလေးထားနားထောင်ပြီး မီဒီယာကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ပေးရန်၊ သက်ဆိုင်ရာဌာနများ၊ ဒေသခံပြည်သူများနှင့် ဟန်ချက်ညီညီ ပူးပေါင်း၍ ဒေသအကျိုးပြုလုပ်ငန်းများတွင် တတ်စွမ်းသမျှပါဝင်ကူညီဆောင်ရွက်ကြရန်၊ နိုင်ငံပိုင် မီဒီယာဖြစ်သည့်အတွက် မှန်ကန်မှု၊ တိကျမှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို အမြဲအလေးထား ဆောင်ရွက်ရန်မှာကြားခဲ့သည်။



တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး အဆိုပါရုံးရှိ စာကြည့်တိုက်နှင့် ပြတိုက်ငယ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွက် MRTV DTH စလောင်း ငါးစုံ၊ CANAL+ ငါးစုံ၊ Sky Net DTH စလောင်း ငါးစုံနှင့် Myansat DTH စလောင်း ငါးစုံတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌထံလည်းကောင်း၊ နယ်မြေခံတပ်နယ်အတွက် MRTV DTH စလောင်း ငါးစုံ၊ CANAL+ ငါးစုံနှင့် Sky Net DTH စလောင်း ငါးစုံတို့ကို တပ်နယ်မှ တာဝန်ရှိသူတစ်ဦးထံလည်းကောင်း ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မိုင်းယုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဆောက်လုပ်မည့် လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ မိုင်းယောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ခရိုင်နှင့်မြို့နယ်ရုံးများကို ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ယုံကြည်စိတ်ချရသော သတင်းအချက်အလက် ရှာဖွေရယူနိုင်သည့်နေရာ၊ စာပေဖတ်ရှုလေ့လာနိုင်သည့်နေရာ၊ အသိပညာနှင့် အတွေ့အကြုံများ ဖလှယ်နိုင်သည့်နေရာများအဖြစ် ပိုမိုအသက်ဝင်လာစေရန် ဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ မိုင်းယောင်းမြို့ နယ်မြေခံတပ်နယ်အတွက် MRTV DTH စလောင်း ငါးစုံ၊ CANAL+ ငါးစုံနှင့် Sky Net DTH စလောင်း ငါးစုံတို့ကို တပ်နယ်မှ တာဝန်ရှိသူတစ်ဦးထံလည်းကောင်း၊ မိုင်းယောင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွက် MRTV DTH စလောင်း ငါးစုံ၊ CANAL+ ငါးစုံ၊ Sky Net DTH စလောင်းငါးစုံနှင့် Myansat DTH စလောင်း ငါးစုံတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌထံလည်းကောင်း ပေးအပ်သည်။

**သတင်းစဉ်**

**လျှပ်စစ်ကိုချွေတာ သုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## ဒိုက်ဦးမြို့နယ်၌ တောင်သူအသိပညာပေးဆွေးနွေး

**ဒိုက်ဦး အောက်တိုဘာ ၁၇**

ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အမှတ်(၁) ကတုတ်ဘုရားကြီး တောင်သူပညာပေးစခန်း၌ တောင်သူများ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် တာဝန်ရှိသူများက အယ်လ်နီညိုဒဏ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် နွေစပါးတွင် ရေပြတ်လပ်မှု မရှိစေရေးနှင့် ဆောင်းသီးနှံများကိုလည်း မြေတွင်းအစိုဓာတ်ရှိချိန်အချိန်မီ စက်ကိရိယာများဖြင့် စနစ်တကျ ထွန်ယက်စိုက်ပျိုးနိုင်ရေး တောင်သူများသို့ မျှဝေအသိပညာပေးဆွေးနွေးခဲ့ကြပြီး ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။



**စိုးထက်ကျော်(ပြန်/ဆက်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့်နည်းပညာ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုညီလာခံ ၂၀၂၆ သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက်ရောက်




**နေပြည်တော် အောက်တိုဘာ ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထျန်းကျင်းမြို့၌ အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့်နည်းပညာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုညီလာခံ ၂၀၂၆ (World Vocational and Technical Education Development Conference 2026) သို့တက်ရောက်ရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဦးဆောင်သည့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထျန်းကျင်းမြို့သို့ ရောက်ရှိသည်။

အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Guangxi Education Councilမှ တာဝန်ရှိသူများ၊ Guangxi Economic and Trade Vocational Institute မှ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများကိုလက်ခံတွေ့ဆုံခဲ့ပြီး နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေး (Technical and Vocational Education and Training – TVET) ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ဆရာဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးတိုးတက်ရေး၊ သင်ကြားမှုဆိုင်ရာ နည်းပညာ၊ AI နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်ရေးနှင့် ပညာရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့်တာဝန်ရှိသူများသည် Guangxi Economic and Trade Vocational Institute မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနေ့ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံပေါင်း ၅၅ နိုင်ငံမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ ညီလာခံကြိုဆို ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အောက်တိုဘာ ၁၆ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် "TVET: Co–Embracing Change, Co–Forging Standards, Co–Creating Future" ဟူသော ဦးတည်ချက်ဖြင့် ကျင်းပသည့် ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့်နည်းပညာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုညီလာခံ ၂၀၂၆ ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးသည် "TVET Forging a New Landscape for Regional Cooperation" ခေါင်းစဉ်ဖြင့် ကျင်းပသည့် Parallel session တွင် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါကြောင်း၊ ပြောင်းလဲလာသော နည်းပညာနှင့် လုပ်ငန်းခွင်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဒီဂျစ်တယ်နည်းပညာ၊ AI ကျွမ်းကျင်မှုများ မြှင့်တင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ညီလာခံ၏ အဓိကအစီအစဉ်ဖြစ်သည့် ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲ (Ministerial Roundtable) သို့ တက်ရောက်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် နိုင်ငံပေါင်း ၅၅ နိုင်ငံမှ ဝန်ကြီးအဆင့်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြပြီး ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာပညာရေး စံနှုန်းများဆိုင်ရာ မူဘောင်(Framework of World Vocational and Technical Education Standards) တွင်ပါဝင်သည့် အချက်အလက်များ၊ အသုံးအနှုန်းများနှင့် ပြဋ္ဌာန်းချက်များကို ဆွေးနွေးသုံးသပ်ခဲ့ကြကာ နိုင်ငံအသီးသီး၏ ပညာရေးစနစ်၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများအပေါ်အခြေခံ၍ သင့်လျော်မှုရှိ၊ မရှိနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်မှုတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး World Vocational Skills Competition ပြိုင်ပွဲတွင်ဆုရရှိခဲ့သည့် အသင်းများ၏ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လက်တွေ့ကျွမ်းကျင်မှု သရုပ်ပြသမှုများကို အားပေးကြည့်ရှုခဲ့သည်။ ညီလာခံတွင် ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာ ပညာရေးစံနှုန်းများဆိုင်ရာ မူဘောင် (Framework of World Vocational and Technical Education Standards) ကို ထုတ်ပြန်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာ Tianjin Modern Vocational Technology College သို့ သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နှစ်နိုင်ငံအကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများ၊ MoU MoA ကိစ္စရပ်များ၊ ပညာသင်ဆုကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ ထို့နောက် သင်ကြားလေ့ကျင့်ရေးဆိုင်ရာအစီအစဉ်များ၊ လက်တွေ့သင်ကြားရေး အထောက်အကူပြုပစ္စည်းများနှင့် နည်းပညာသင်ကြားရေးဆိုင်ရာအတွေ့အကြုံများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မမြရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာ



**နေပြည်တော် အောက်တိုဘာ ၁၇**

မမြရေလှောင်တမံ သိုလှောင်ရေကို ရေထုတ်ပြွန်၊ ရေအားလျှပ်စစ်ပိုက်လိုင်းနှင့် အရေးပေါ်ရေပိုလွှဲတို့မှတစ်ဆင့် တစ်ရက်လျှင် (၇၇၀) ကုဗပေ/စက္ကန့် လျှော့ချနိုင်ခြင်းတို့ကြောင့် အောက်တိုဘာ ၁၀ ရက်တွင် မမြရေလှောင်တမံ ရေပြင်၏ နိမ့်မြင့်မှတ် ၃၁၄ ဒသမ ၉ ပေ (သိုလှောင်ရေပမာဏ–၇၁၂၇၀ ဧကပေ) ရှိခဲ့ရာမှ ယနေ့ ညနေပိုင်းတွင် နိမ့်မြင့်မှတ် (၃၀၅ ဒသမ ၃၅)ပေ(သိုလှောင်ရေပမာဏ – ၅၉၅၉၀) သို့ လျှော့ချနိုင်ခဲ့ပြီး စုစုပေါင်းရေပြင်၏ နိမ့်မြင့်မှတ် ၉ ပေ ၆ လက်မ (သိုလှောင်ရေပမာဏ ဧကပေ – ၁၁၆၈၀ ) ထိ လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။

**ကြီးကြပ်ဆောင်ရွက်လျက်ရှိ**

မမြရေလှောင်တမံ၏ တမံထိပ်ပြင်နိမ့်ကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအရေးပေါ် ကာကွယ်ခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ အချိန်နှင့် တစ်ပြေးညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

**ပိုမိုတိုးတက်ကောင်းမွန်လာ**

အဆိုပါ ရေလှောင်တမံ ပိုမိုလုံခြုံစိတ်ချစေရေးအတွက် အရေးပေါ် တမံအောက်ခြေထောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့်အတူ မြေသားတမံပိုမိုအားဖြစ်စေရေးအတွက် ရေစစ်ကျောက်ရိုး (Rock Toe) တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျောက်ကြီးများ စုစုပေါင်း ၃၈၄ ကျင်း စုဆောင်းထားရှိ ဆောင်ရွက်ခြင်း၊ တမံရေစိမ့်ဝင်မှု အန္တရာယ်ကို ကာကွယ်ရန်နှင့် တမံကြံ့ခိုင်ရေးအတွက် ရေစစ်ကျောက်ရိုးနှင့် ချိတ်ဆက်ပြီး Vertical Filter နှင့် Horizontal Filter လုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်လျက် ရှိခြင်းတို့ကြောင့် တမံကြံ့ခိုင်မှု အခြေအနေသည် ပိုမိုတိုးတက် ကောင်းမွန်လာကြောင်း သိရသည်။

အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် မြန်အောင်ခရိုင် ကြံခင်းမြို့နယ်ရှိ ကွန်ချောင်းရေလှောင်တမံကြံ့ခိုင်မှု၊ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ကွန်ချောင်းရေလှောင်တမံသည် အလျားပေ ၁၆၇၂၀ ရှည်လျားသည့်အတွက် တမံ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တမံတစ်လျှောက် နေရာလွတ်မကျန် သေချာစစ်ဆေးကြရန်၊ ပင်မတမံ၊ ရေပိုလွှဲများနှင့် ရေအားအဆောက်အအုံများအား Dam Monitoring စောင့်ကြည့်တိုင်းတာ စစ်ဆေးမှုများ အမြဲမပြတ်ဆောင်ရွက်ကြရန်၊ တမံအမြင့် ၁၃၅ ပေရှိသည့် မူလချောင်းဟောင်းနေရာအား အထူးဂရုပြုစစ်ဆေးရန် ရေထုတ်ပြွန်မှ ရေထုတ်လုပ်မှုကို စနစ်တကျ ထိန်းညှိဆောင်ရွက်ရန်၊ တမံကြံ့ခိုင်မှုအခြေအနေကို အမြဲမပြတ်စောင့်ကြည့် စစ်ဆေးနိုင်ရန်အတွက် တမံတည်ဆောက်စဉ်က ထည့်သွင်းထားရှိသည့် ရေစစ်သဲလွှာနှင့် ရေစစ်ကျောက်ရိုးအတွက် တပ်ဆင်ထားသည့် V–notch အား အမြဲမပြတ် စစ်ဆေးတိုင်းတာ၍ ရရှိလာသည့် အချက်အလက်များကို စိစစ်၍ ဆောင်ရွက်ကြရန်၊ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားခြင်း၊ အပူချိန်လွန်ကဲခြင်း အပြင် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ၊ မိုးကြီးရေလျှံမှုများဖြစ်ပေါ်လာပါက တမံတွင်း ရေဝင်ရောက်မှုကို ၂၄ နာရီ ပတ်လုံးစောင့်ကြည့်၍ ရေထုတ်ပြွန်မှစနစ်တကျ ရေထုတ်လွှတ်နိုင်ရေးကို Rule and Regulation အတိုင်း ကြိုတင်စီမံဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့အတူ မြန်အောင်မြို့နယ်အတွင်းရှိ မြန်အောင်တာ တာမိုင် ၆/၇–၇/၀၊ ကနောင်မြို့ အမှတ်(၃) ရပ်ကွက်ရှိ တာမိုင် ၁၄/၀– ၁၅/၀ နှင့် ငပိဆိပ်ကျေးရွာရှိ တာမိုင် ၂၀/၆–၂၁/၂ အတွင်း မြန်အောင်တာတစ်လျှောက် ကမ်းပြိုကမ်းစား လျှော့ပါးသက်သာစေရန်အတွက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၇** – အောက်တိုဘာ ၁၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ကိုယ်ပိုင်မူဟန် စိုက်ထူပြန်သည့် ယဉ်ကျေးမှုအသိနှင့် အနုပညာအနှစ်

မိုးကေနိုင်

ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမဆို မိမိတို့ကိုယ်ပိုင် အနုသုခုမယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ လူမှုအမူအကျင့်၊ ဝတ်စားဆင်ယင်မှု၊ မိခင်ဘာသာစကား၊ စာပေသမိုင်းကြောင်းတွေကို အလေးအနက် တန်ဖိုးထားလေ့ရှိကြတယ်။ နိုင်ငံတစ်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ဘုံစံတန်ဖိုးတွေဖြစ်တဲ့အပြင် ဂုဏ်ယူစရာ သမိုင်းအမွေအနှစ်တွေအဖြစ် မျိုးဂုဏ်မြင့်မားစေတဲ့အတွက် ဖြစ်ပါတယ်။ အလားတူ မြန်မာနိုင်ငံမှာ မြန်မာလူမျိုးရယ်လို့ မော်ကြွားနိုင်တဲ့ ထို - ထိုလက္ခဏာရပ်တွေကို သမိုင်းစဉ်ဆက် ပိုင်ဆိုင်ထားတဲ့အတွက်ကြောင့်လည်း ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးရယ်လို့ အမြဲဂုဏ်ယူစရာ ဖြစ်ခဲ့ကြရတယ်။

**မြန်မာတို့ရဲ့ ယဉ်ကျေးမှုတန်ဖိုးများ**

မြန်မာတို့ရဲ့ထိုတန်ဖိုးတွေက သမိုင်းကြောင်း အရှည်ကြီးရှိခဲ့ပြီး ယခုအချိန်အထိလည်း ခိုင်ခံ့တည်တံ့ဆဲပါ။ ဘိုးဘွားမိဘအဆက်ဆက်က ခြေရာလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့တာကြောင့်ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ မြန်မာတို့ရဲ့ ထိုတန်ဖိုးတွေဟာ ယခုအခါမှာ တဖြည်းဖြည်း ယုတ်လျော့ကျဆင်းနေပြီလား။ ထင်မြင်စရာ အကြောင်းတရားတွေကလည်း ရှိလာနေပြီဖြစ်တယ်။ အချိန်မီချုပ်မှ အစုတ်သက်သာမယ့်အထဲမှာ ထိုအရေးကြီးတဲ့တန်ဖိုးတွေ အဓိကပါဝင်နေပါတယ်။

ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား စတာတွေ ယုတ်လျော့ပျက်စီးရခြင်း အကြောင်းတရားများစွာမှာ အချို့သောအကြောင်းတရားများစွာကြောင့် ပျက်စီးလုနီး ဦးတည်နေတာ တွေ့ရတယ်။ မြန်မာနိုင်ငံဟာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုတဲ့ လူမျိုးပေါင်းစုံတို့စုဝေးရာ အသိုက်အဝန်းကြီးဖြစ်ပြီး လူမျိုး၊ လူမျိုးစုအသီးသီးတို့ရဲ့ ယဉ်ကျေးမှုတွေ ပေါင်းစည်းနေထိုင်ရာ Multiculturalism အစုအဝေးတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် မိမိယဉ်ကျေးမှု၊ မိမိလူမျိုးသမိုင်းကြောင်း ပျက်စီးရာပျက်စီးကြောင်း အကြောင်းတရားတွေ မဖန်တီးမိဖို့၊ မြန်မာ့ယဉ်ကျေးမှု ဘာသာတရားမပျောက်ပျက် မပျက်စီးအောင် မိမိတို့မှာ အထူးတာဝန်ရှိပါကြောင်း ခံယူထားရမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးမှာ ထိုမျှအရေးကြီးတဲ့ ယဉ်ကျေးမှုတန်ဖိုးကို ဘာကြောင့် ထိန်းသိမ်းစောင့်ရှောက်သင့်ပါသလဲ..ဆိုရင် ထိုနိုင်ငံရဲ့ အမျိုးသားရေးလက္ခဏာအသွင်အပြင်မှာ ထိုလူမျိုးရဲ့ တန်ဖိုး၊ ထိုနိုင်ငံသားတို့ရဲ့စရိုက်၊ အမှတ်သညာ၊ အသက်ဝိညာဉ်တွေက ကပ်ငြိယှဉ်တွဲနေလို့ပါပဲ။ အထူးသဖြင့် မြန်မာတိုင်းရင်းသားအားလုံးရဲ့ချစ်စရာကောင်းတဲ့ ယဉ်ကျေးမှုတွေဟာ ချစ်ခင်ရင်းနှီးမှု၊ ပျူငှာဖော်ရွေမှု၊ စေတနာသဒ္ဓါတရား၊ ရိုးသားမှု၊ ပျော်ရွှင်ကြည်နူးဖွယ်တွေနဲ့ ဆက်စပ်နေခြင်းကြောင့်လည်း ဖြစ်ပါတယ်။

မြန်မာ့ယဉ်ကျေးမှုမှာ မူပိုင်အလှ၊ ကိုယ်ပိုင်ဟန်ပန်၊ မြင့်မားတဲ့အတွေးအခေါ်နဲ့ အသိပညာ၊ စိတ်နေသဘောထား၊ လူနေမှုပုံစံ၊ ဘာသာစကားအဆုံးအမများစွာမှာ ထူးခြားမှုတစ်သီကြီးနဲ့ အလှကိုယ်စီရှိနေတယ်။ အစဉ်အလာကောင်းခဲ့တဲ့ လူ့အဖွဲ့အစည်းတွေကို မတူကွဲပြားခြားနားတဲ့ ယဉ်ကျေးမှုတွေနဲ့ ပေါင်းစပ်တည်ဆောက်ထားနိုင်ခြင်းကြောင့်လည်း ဖြစ်တန်ရာတယ်။ တစ်ဦးနဲ့တစ်ဦး ခံစားချက်ချင်းနီးစပ်ဖို့က ယဉ်ကျေးမှုချင်း ဂဟေဆက်နိုင်မှသာ ပိုပြီးထိရောက်မှုရှိမှာမဟုတ်လား။ ဒါကြောင့် လူ့အဖွဲ့အစည်းတစ်ခုဟာ ယဉ်ကျေးမှုနဲ့ကင်းကွာပြီး မဖြစ်နိုင်သလို ယဉ်ကျေးမှုမဲ့တဲ့ လူမျိုးမှာ သမိုင်းလည်းမရှိနိုင်ဘူးဆိုတာ သိထားရမယ့်အချက်ပဲ။

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအသီးသီးရဲ့ အဆို၊ အက၊ အရေး၊ အတီး၊ စာပေ၊ ပန်းချီ စတဲ့ အနုသုခုမပညာတွေဟာ ရှေးကျပေမယ့် အဆင့်မြင့်မားလွန်းတာတွေ့ရပြီး ခေတ်အဆက်ဆက် တန်ဖိုးထားခံရခြင်းဟာ ဘာသာတရားရဲ့ လွှမ်းမိုးမှုနဲ့အတူ ကုသိုလ်အရေးအရာတွေနဲ့လည်း တွဲစပ်နေခြင်းကြောင့်ဆိုတာ မမေ့သင့်ဘူး။ အကျိုးဆက်က ဝတ်စားဆင်ယင်မှုကအစ ရမ်းကားမှုမရှိ၊ ဟောင့်ရမ်းမှုမရှိ၊ ယဉ်ယဉ်ကျေးကျေးနဲ့ နူးညံ့သိမ်မွေ့လှတဲ့ မြန်မာတို့ရဲ့ ယဉ်ကျေးမှုအလှတရားတွေကို ပိုင်ဆိုင်ခွင့် ရလိုက်တာပါပဲ။**

**ပျိုးထောင်ရမယ့် အနုပညာချစ်စိတ်**

ဒါပေမဲ့ ဒီလိုတန်ဖိုးထားထွန်းကားခဲ့တဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ကြားက ဆုတ်ယုတ်မသွားအောင်၊ မြင့်သည်ထက်မြင့်နေအောင် ယခုအခါမှာတော့ မနည်းကြိုးပမ်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေရပါပြီ။ သိတဲ့အတိုင်း ယဉ်ကျေးမှုပျောက်ရင် လူမျိုးပါပျောက်ကွယ်တယ်ဆိုတဲ့ သဘောတရားကို လျစ်လျူမရှုမိဖို့ လိုနေပါတယ်။ မြန်မြန်ဆန်ဆန်ပြောင်းလဲနေတဲ့ခေတ်ကြီးမှာ ယဉ်ကျေးမှုနဲ့ပတ်သက်ရင် ယနေ့လူငယ်တွေ အတွေးအခေါ်ကအစ လွဲလို့မဖြစ်ပါ။

ယဉ်ကျေးမှု အနုပညာအစိတ်အပိုင်းတစ်ခုစီနဲ့ပတ်သက်ပြီး အသိအတတ်ပညာရပ်တွေ နားလည်တတ်မြောက်ထားသင့်ပါတယ်။ အနုပညာအခြေခံနဲ့ အနုပညာချစ်မြတ်နိုးစိတ်ကို စာသင်ကျောင်းမှာကတည်းက ပျိုးထောင်ပေးထားသင့်တယ်။ ကလေးသူငယ်အရွယ်ကစပြီး အနုပညာတစ်ခုခုမှာ ဝါသနာပါနေအောင်၊ မြန်မာ့ရိုးရာအနုပညာကို မြတ်နိုးခင်မင် တွယ်တာစိတ်ဖြစ်နေအောင် ပညာပေး နှိုးဆော်ထားသင့်ပါတယ်။

**မိမိယဉ်ကျေးမှုသမိုင်းကြောင်းကအစ သိနားလည်ထားဖို့ လိုအပ်သလို ကမ္ဘာ့နိုင်ငံတွေနဲ့ လူမျိုးအသီးသီးကကော သူတို့ယဉ်ကျေးမှုကို ဘယ်လိုတန်ဖိုးထားကြသလဲ၊ ဘယ်လိုထိန်းသိမ်းကာကွယ် စောင့်ရှောက်နေကြသလဲ၊ တိုင်းတစ်ပါးယဉ်ကျေးမှု ဘယ်လိုဝင်လာလာ မိမိယဉ်ကျေးမှုကို မပျောက်အောင်၊ အရိုးပေါ်အရွက်မဖုံး ဘယ်လိုအတုယူပေါင်းစပ်ဖန်တီးနေကြသလဲ၊ သင်ခန်းစာယူဖို့ကောင်းတဲ့ ခွဲခြမ်းစိတ်ဖြာအသိတွေကို ဖတ်မှတ်မြင်သိခြင်းကတစ်ဆင့် လိုက်နာသင့်ကြပါတယ်။ တိုင်းတစ်ပါးယဉ်ကျေးမှု ဝါးမျိုမခံရအောင် နီးနီးကြားကြား သတိရှိသင့်ကြောင်း တွေ့ရပါမယ်။**

**ဖန်တီးမှုအသစ်တွေနဲ့ ကိုယ်ပိုင်မူဟန်ဖြစ်ဖို့**

နိုင်ငံသားအားလုံးဟာ မိမိတို့စာပေ၊ မိခင်ဘာသာစကား၊ ကိုယ်ပိုင်အနုပညာကို တိုင်းတစ်ပါးတို့နဲ့တွေ့ရင် ဂုဏ်ယူစွာနဲ့ ထုတ်ဖော်ပြသနိုင်စွမ်းရှိရပါမယ်။ အတိတ်ကာလက အနုပညာရှင်ကြီးတွေဟာ မြန်မာ့အနုပညာကို ကမ္ဘာအနှံ့ဖြန့်ကြက်နိုင်စွမ်းရှိခဲ့တဲ့အတွက် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူစရာ ဝင့်ကြွားစရာဖြစ်ခဲ့ဖူးတယ်။ ယခုအချိန်မှာတော့ တိုင်းတစ်ပါးယဉ်ကျေးမှုကသာ မိမိနိုင်ငံ၊ မိမိလူ့အဖွဲ့အစည်းအတွင်း စိမ့်ဝင်ထိုးဖောက်နေတဲ့ အနေအထားဖြစ်နေတယ်။ အထူးသဖြင့် ယဉ်ကျေးမှုကိုယ်ခံအားနည်းတဲ့လူငယ်တွေမှာ ပိုပြီးတိုက်စားခံရတဲ့ အနေအထား ရောက်နေတယ်။

ယဉ်ကျေးမှုချင်း ရောပွမ်းပေါင်းစပ်ရာကနေ ဝါးမျိုခံရမယ့်အနေအထားအထိ စိုးရိမ်စရာဖြစ်လာတယ်။ မိမိတို့ရဲ့လူမှုစနစ်၊ ဘာသာတရား၊ မင်္ဂလာတရားတွေနဲ့ကိုက်ညီမှု ရှိ၊ မရှိ ကွဲကွဲပြားပြား ခွဲခြားနိုင်စွမ်းရှိသင့်တယ်လို့ ယူဆပါတယ်၊ အထူးသဖြင့် လူငယ်တွေအတွက်ပါ။ ယဉ်ကျေးမှုနဲ့ပတ်သက်ရင် အလေးအနက်ထား သတိပြုရမယ့် လိုအပ်ချက်များစွာနဲ့ ဆက်လက်ပြုပြင်ရမယ့်အချက်များစွာ ရှိနေကြောင်း လက်ခံရမှာဖြစ်ပါတယ်။

**တိုင်းရင်းသားတို့ရဲ့**

**အနုပညာ အမြဲတမ်းပွဲထုတ်ပေးနေ**

**ပိုပြီးကောင်းလာမယ်၊ တီထွင်ဖန်တီးဆန်းသစ်မှုရှိပြီး ခေတ်မီတဲ့ ယဉ်ကျေးမှုဖြစ်မယ်၊ တိုးတက်မှုဆီ ရှေးရှုမယ်ဆိုရင်တော့ ပေါင်းစပ်သင့်ပေါင်းစပ်ရမယ်၊ ဖလှယ်သင့်ဖလှယ်ရပါမယ်။ ပေါင်းစပ်တယ်ဆိုတာ ပုံတူကူးချခြင်းကို မဆိုလို၊ သူ့ယဉ်ကျေးမှုဆီက မိမိတို့ရိုးရာနဲ့လိုက်ဖက်တာကိုယူမယ်၊ အသစ်တီထွင်ဖန်တီးပြီး မိမိကိုယ်ပိုင်ဟန်ဖြစ်အောင်လုပ်တာပါပဲ။ ဒါပေမဲ့ အမျိုးသားရေးကြန်အင် ထိခိုက်တဲ့အထိတော့ ခွင့်မပြုသင့်ဘူး။ တကယ်တော့ ဂုဏ်ထူးဝိသေသအထူးရှိတဲ့ မြန်မာ့ယဉ်ကျေးမှုဟာ ဂုဏ်ယူစရာအပြည့်ရှိပြီးသား ဖြစ်ပါတယ်။**

နိုင်ငံခြားသားတွေ ကိုယ်တိုင်က မြန်မာ့အနုပညာကို လေးလေးစားစား တန်ဖိုးထားပြီးသားပါ။ မိမိတို့ကိုယ်တိုင်ကသာ မိမိတို့အနုပညာကို တန်ဖိုးထားဂုဏ်ယူတတ်ဖို့ လိုအပ်နေတာ။ သူတို့က အနုပညာကို ပညာမျက်စိနဲ့ တန်ဖိုးထင်ရှားကျော်ကြားခဲ့ကြပြီး သူတို့ရဲ့ထက်သန်တဲ့မျိုးချစ်စိတ်က လေးစားအားကျ အတုယူဖွယ်ရာဖြစ်ခဲ့ပါတယ်။ ရှေးခေတ်ပညာရှင်ကြီးတွေရဲ့ အနုသုခုမအရည်အသွေးက ဇာတိသွေး ဇာတိမာန်ကို နှိုးဆွပေးနိုင်စွမ်းရှိခဲ့ပြီး အမျိုးသားရေးနဲ့ညီညွတ်မှု စိတ်ဓာတ်တွေ ထက်သန်စေတာလည်း တွေ့ရတယ်။

ဒါကြောင့်လည်း ယခုနှစ်ပြိုင်ပွဲမှာ တိုင်းရင်းသားတွေရဲ့ ရိုးရာတူရိယာပစ္စည်းတွေကိုပေါင်းစပ်ပြီးမှ တိုင်းရင်း

**အမှန်တော့ မြတ်နိုးဖွယ်ရာ ရတနာအမွေအနှစ်ဖြစ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအစုစုကို မပျောက်ပျက်၊ မဆုံးရှုံးအောင် သမိုင်းအစဉ်အဆက် ထိန်းသိမ်းကာကွယ်ရမယ့်တာဝန်ဟာ အားလုံးမှာ ရှိပါတယ်။ တည်တံ့အောင်လုပ်ရမယ့်အပြင် ဖွံ့ဖြိုးအောင်လည်း လုပ်ရမှာဖြစ်တယ်။ မြန်မာလူမျိုးတို့ရဲ့ ဘဝနဲ့ဂုဏ်သိက္ခာကို မြန်မာတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုအလှတရားတွေနဲ့သာ တည်ဆောက်ရမှာဖြစ်ပြီး ယဉ်ကျေးမှုအုတ်မြစ် ခိုင်ခိုင်မာမာရှိမှလည်း အမျိုးသားရေးအားမာန်က အားကောင်းလာမှာဖြစ်**

ဖြတ်တတ်ကြတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှု၊ အနုသုခုမတို့ဟာ နိုင်ငံရဲ့ မျိုးချစ်စိတ်၊ လူမျိုးချစ်စိတ်၊ ပညာရေးချိန်၊ နိုင်ငံရေး၊ စီးပွားရေးကိုယ်ခံစွမ်းအားတွေနဲ့လည်း ဆက်စပ်နေပါတယ်။ မျိုးချစ်စိတ်ကင်းမဲ့ခြင်းဟာ ယဉ်ကျေးမှုအလှအပတွေရဲ့တန်ဖိုးကို ယုတ်လျော့သွားစေသလို နိုင်ငံသားတို့ရဲ့ဇာတိမာန်ကိုရိုက်ချိုးချင်ရင် ယဉ်ကျေးမှုကို ဦးစွာဖျက်ဆီးလေ့ရှိကြတယ်ဆိုတာ နားလည်ထားဖို့လိုပါတယ်။

ဒါကြောင့်လည်း အမျိုးသားအဆင့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွေကို နှစ်စဉ်အလေးအနက်ထားကျင်းပပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းရေးမှာ အထောက်အကူပြုတဲ့ ကဏ္ဍတစ်ရပ်အဖြစ်လည်း အသိအမှတ်ပြုထားပါတယ်။

ခေတ်အဆက်ဆက် တတ်နိုင်သမျှ ဒီလိုမှ မဆောင်ရွက်ဘူးဆိုရင် အနာဂတ် မြန်မာ့ယဉ်ကျေးမှု အလားအလာနဲ့ အမျိုးသားရေးစရိုက်ဟာ စိုးရိမ်ဖွယ်ရာ အနေအထား ဆိုက်ရောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း မြန်မာ့ရိုးရာ အက၊ ဂီတ၊ စာပေပညာတွေ မပျောက်အောင် စဉ်ဆက်မပြတ်ထိန်းသိမ်းနေရခြင်း ဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲကြီးတွေကမှ လေးစားအားကျဖွယ် သမ္မာရင့်ဝါရင့် အနုပညာရှင်ကြီးတွေနဲ့ လူငယ်မျိုးဆက်သစ်တွေအကြား လက်ဆင့်ကမ်းချိတ်ဆက်ပေးနိုင်မှာ၊ အနုပညာသွေးသစ်လောင်းနိုင်မှာဖြစ်ပါတယ်။

ခေတ်အဆက်ဆက် အနုပညာရှင်ဆရာကြီး ဆရာမကြီးအများစုဟာ အမျိုးသားရေး အနုပညာရှင်တွေအဖြစ် သားဘာသာစကားနဲ့ရေးစပ်ထားတဲ့ ဂီတအနုသုခုမနဲ့ တိုင်းရင်းသားအကပြိုင်ပွဲတွေကို တွေ့မြင်လာရခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးရဲ့ အနုပညာနဲ့ဓလေ့ထုံးတမ်းတွေကို ယခုလိုဂုဏ်ယူစွာ ပွဲထုတ်ပေးနေခြင်းဟာ ယခုအချိန်မှာ အထူးလိုအပ်နေတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို လေးစားတန်ဖိုးထားခြင်း တစ်မျိုးအဖြစ် ယူဆနိုင်ပါတယ်။

အမှန်တော့ မြတ်နိုးဖွယ်ရာ ရတနာအမွေအနှစ်ဖြစ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အစုစုကို မပျောက်ပျက်၊ မဆုံးရှုံးအောင် သမိုင်းအစဉ်အဆက် ထိန်းသိမ်းကာကွယ်ရမယ့်တာဝန်ဟာ အားလုံးမှာရှိပါတယ်။ တည်တံ့အောင်လုပ်ရမယ့်အပြင် ဖွံ့ဖြိုးအောင်လည်း လုပ်ရမှာဖြစ်တယ်။ မြန်မာလူမျိုးတို့ရဲ့ ဘဝနဲ့ ဂုဏ်သိက္ခာကို မြန်မာတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုအလှတရားတွေနဲ့သာ တည်ဆောက်ရမှာဖြစ်ပြီး ယဉ်ကျေးမှုအုတ်မြစ် ခိုင်ခိုင်မာမာရှိမှလည်း အမျိုးသားရေးအားမာန်က အားကောင်းလာမှာဖြစ်တယ်၊ ဒီလိုလက်ခံထားရမှာဖြစ်ပါတယ်။

အရိုင်းကနေအယဉ်၊ အကြမ်းကနေ အနု အလှည့်အပြောင်းဟာ ယဉ်ကျေးမှုအခြေခံပါမှ ဖြစ်နိုင်ပါတယ်။ အရိုင်းမဆန်၊ ပညာပေးဆန်တဲ့ အနုသုခုမပညာကသာ ဒေါသကနေ မေတ္တာတရားကို ဖြစ်ထွန်းစေမယ်လို့လည်း ယုံကြည်ထားပါတယ်။ ထိုယုံကြည်ချက်ကတစ်ဆင့် လှပအေးချမ်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိနိုင်ဖို့ ကောင်းမွန်တဲ့ ယဉ်ကျေးမှုအခြေခံကောင်းတွေကို စဉ်ဆက်မပြတ် ဆက်လက်ပျိုးထောင်သွားကြရမယ်လို့ ခံယူလိုက်မိပါကြောင်း။ ။

# နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် သက်ကြီးပြေးခုန်ပစ်အားကစားသမားဟောင်းကြီးများအား လစဉ်ထောက်ပံ့ကြေး ပေးအပ်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် သက်ကြီးပြေးခုန်ပစ်အားကစားသမားဟောင်းကြီးများအား လစဉ်ထောက်ပံ့ကြေး ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိဘက်စုံသုံးအားကစားခန်းမ၌ ကျင်းပသည်။

ချီးမြှင့်ပွဲတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားသမားဟောင်းကြီး ရှစ်ဦးကို လစဉ်ထောက်ပံ့ကြေးငွေများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်တို့မှပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကပေးအပ်ရာ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများက လက်ခံရယူသည်။

ဆက်လက်၍ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းတွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် အားကစားသမား စုစုပေါင်း ၂၄၅ ဦးတို့အတွက် နန်းမြိုင်ကော်ဖီ၊ ရွှေဖီဦးလက်ဖက်ရည်၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဒဂုံအချိုရည် (လီမွန်တီး)တို့ကို Myanmar Farmer Power Company Limited မှ ဗိုလ်မှူးကြီး(ငြိမ်း) သက်နိုင်ထွန်းက ပေးအပ်လှူဒါန်းရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးက လက်ခံရယူသည်။

ထို့ပြင် လူငယ်လက်ရွေးစင်အားကစားအဖွဲ့အတွက် အသုံးအဆောင်ပစ္စည်းများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူတို့ကပေးအပ်ရာ လူငယ်အားကစားအဖွဲ့ကိုယ်စား အားကစားသမားများက လက်ခံရယူပြီး ပဏာမလက်ရွေးစင်အားကစားအဖွဲ့အတွက် အသုံးအဆောင်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီးကပေးအပ်ရာ ပဏာမလက်ရွေးစင်အားကစားအဖွဲ့ကိုယ်စား အားကစားသမားများက လက်ခံရယူ၍ (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် အားကစားအဖွဲ့များအတွက်



မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ နှင့် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်တို့မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ တို့ကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်တို့က လှူဒါန်းပေးအပ်ရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယင်းအပြင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ် အားကစားသမားဟောင်းကြီးများကိုယ်စား ရွှေတံဆိပ်ဆုရှင် ပြေးခုန်ပစ်အားကစားသမားဟောင်း ဦးသန့်စင်က ကျေးဇူးတင်စကားပြောကြားပြီး စိတ်ဓာတ်ခွန်အားများဖြစ်စေရန်အတွက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြု၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၇**

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့တွင်ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်



ကြိုဆို ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။(ဝဲပုံ)

မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများသည် မန္တလေး ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များ၊ မန္တလေး ပြည်သူ့ဆေးရုံကြီးမှ ဝန်ထမ်းများ၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၇၀၀ ခန့်က ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အလင်းဖွင့်ခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်သရိုက်၊ မြောင်းစာများ ဆယ်ယူရှင်းလင်းခြင်း ဆောင်ရွက်နေမှုများ၊ ရေမြောင်းအသစ်များ ဆောင်ရွက်ပြီးစီးမှုနှင့် နိုင်လွန်ကတ္တရာလမ်းခင်းကျင်း ဆောင်ရွက်ပြီးစီးမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများ ရှင်းလင်း တင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းနှင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (Smart Village) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းနှင့် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (Smart Village) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လယ်ဝေးမြို့နယ် သော်မှော်ကုန်း ခေတ်မီစံပြကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ကြီးနှင့် ကော်မတီဝင်များက ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**



ကွင်းဆင်း လေ့လာစဉ် ကျေးရွာဘက်စုံသုံးခန်းမ၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများက သော်မှော်ကုန်းခေတ်မီစံပြ ကျေးရွာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ ဦးစီးဌာနမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းနှင့် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(Smart Village) အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ ရှင်းလင်းတင်ပြမှုများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများက လိုအပ်သည်များ မေးမြန်းဆွေးနွေး တင်ပြကြပြီး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်၊ ဂျာနယ်များ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးရွာအတွင်း ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်း စီမံကိန်းရန်ပုံငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း လမ်းတံတား လုပ်ငန်းများကိုလည်းကောင်း၊ ကျေးရွာရေရရှိရေး လုပ်ငန်း လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများ၊ ကျေးရွာစာကြည့်တိုက်နှင့် ICT စင်တာ ဆောင်ရွက်ထားရှိမှု၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော နို့စားနွားမွေးမြူရေး လုပ်ငန်းနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေဖြင့် ကုန်စုံဆိုင်ဖွင့်လှစ် ရောင်းချနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိ

**နေပြည်တော်အောက်တိုဘာ၁၇**

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဇမ္ဗူသီရိမြို့နယ် ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးနှင့် ပျဉ်းမနားမြို့နယ် သကြားစက်လမ်းဆုံတို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၇**

ဇမ္ဗူသီရိမြို့နယ် ဓာတုစယဓာတ်ပေါင်းစုစေတီတော် မြတ်ကြီးအတွင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ အပင်များအလင်းဖွင့်ခြင်း၊ မြက်ပင်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်ကားဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူတို့အား စားသုံးဆီများ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီး ဟင်းရွက်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုအားပေးပြီး စေတီတော်မြတ်ကြီး ပရိဝုဏ် အတွင်းရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ နေပြည်တော် ပျဉ်းမနားမြို့နယ် သကြားစက်လမ်းဆုံ လမ်းဘေး ဝဲ/ယာတွင် မြက်ချုံများအား ထွန်စက်ဖြင့်ရှင်းလင်းခြင်း၊ မြက်ဖြတ်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား နေပြည်တော် အတွင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ကြ ရန် မှာကြားသည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်း ကျန်ရှိသည့် မြို့နယ်များတွင်လည်း အပတ်စဉ် စနေနေ့တိုင်း သန့်ရှင်းသာယာလှပစေရေးလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏသီရိ)**

---



# လွိုင်ကော်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်၊ စိုက်ပျိုးရေးသုတေသနခြံကြည့်ရှု

**လွိုင်ကော် အောက်တိုဘာ ၁၇**

ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ ကယား ဒေးကွင်း၊ မြို့နာမ်ရွှေစေတီတော် နှင့် ပြည်နယ်သာသနာ့ဗိမာန်တို့ တွင် ယနေ့နံနက်ပိုင်းက ဌာန ဆိုင်ရာဝန်ထမ်းများ၊ ပြည်နယ် ရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော် သည် ပြည်နယ်ဝန်ကြီးများနှင့် အတူ သွားရောက်ကြည့်ရှုအားပေး သည်။

ထို့အတူ လွိုင်ကော်စိုက်ပျိုး ရေးသုတေသနခြံ၌ စမ်းသပ်စိုက် ပျိုးထားသည့် ရေဆင်း-၁ ပေါ်ဆန်း စပါးမျိုးရိတ်သိမ်းနေမှု (ဝဲပုံ)၊ အခြေခံပညာ မူလတန်းလွန် ကျောင်း(နမ့်ဘော်ဝမ်)၌ ကျောင်း သား ကျောင်းသူများအား အာဟာရဖြည့်စွက်စာ ကျွေးမွေး နိုင်ရန် ဒေသငှက်ပျောဖီးကြမ်း မျိုးများ စိုက်ပျိုးထားရှိမှု၊ 132kV လွိုင်ကော် ပင်မဓာတ်အားခွဲရုံ လည်ပတ်နေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း ဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

# မုံရွာမြို့ မြို့သစ်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



**မုံရွာ အောက်တိုဘာ ၁၇**

မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်း ကျောင်းခွဲ၌ ပညာသင်ကြားနေ ကြသည့် ကျောင်းသား ကျောင်းသူ များ ကျန်းမာ၍ စိတ်အေးချမ်းသာ စွာဖြင့် ပညာသင်ကြားနိုင်ရေး အတွက် ခြင်များပေါက်ပွားနိုင် သည့် သစ်ပင်ချုံနွယ်များ၊ သစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း မှုနှင့် သန့်ရှင်းရေးဆောင်ရွက် ခြင်းကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ပေါ်ရှိ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ များမှဝန်ထမ်းများ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင် သာယာရေးအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေ ပြည်သူများစုပေါင်း၍ ဆောင် ရွက်ကြသည်။

ထိုသို့ သန့်ရှင်းရေးလုပ်ငန်း များ ဆောင်ရွက်နေမှုကို စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက သွားရောက် ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မုံရွာဘူတာရုံ ပတ်ဝန်းကျင်နှင့် ဘူတာရုံအတွင်း ၌ မြန်မာ့မီးရထားဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံ ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကို တာဝန်ရှိသူများနှင့်ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် မုံရွာမြို့ မြို့တော်ခန်းမ ၌ ကျင်းပသည့် မုံရွာမြို့ပေါ်ရှိ မြို့မိမြို့ဖများ၊ စက်မှုလုပ်ငန်းရှင် များ၊ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ နှင့်တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသ ကြီးအတွင်း ယခင်က ဖြစ်ပွားခဲ့ သည့် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေး အန္တရာယ် ဖြစ်စဉ်များတွင် ပါဝင်ကူညီခဲ့ကြသည့် သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မှတ်တမ်း တင်ဂုဏ်ပြုပါကြောင်း၊ ယခုအခါ မိုးခေါင်ရေရှားမှုများ ဖြစ်ပေါ်လာ နိုင်ခြင်း၊ ရုတ်တရက် မုန်တိုင်း တိုက်ခတ်ခြင်းများနှင့် အချိန်အခါ မဟုတ် မိုးရွာသွန်းမှုများဖြစ်ပေါ် လာနိုင်သည့်အတွက် သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များအနေဖြင့်လည်း ဘေးအန္တရာယ် မျိုးစုံအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင် ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက သဘာဝဘေး အန္တရာယ်များ ဖြစ်ပွားလာပါက လက်တွဲညီစွာဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ် ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက် လာကြသည့် မုံရွာမြို့ပေါ်ရှိ မြို့မိ မြို့ဖများ၊ စက်မှုလုပ်ငန်းရှင်များ၊ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန် ရှိသူများက မိမိတို့လုပ်ကိုင်ဆောင် ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

# ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**ဘားအံ အောက်တိုဘာ ၁၇**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၉)ရပ်ကွက်ရှိ ပြည်နယ်ကမ္မဋ္ဌာန်း ကျောင်းတိုက်၊ တောင်တန်း သာသနာပြု(ဗဟို) ကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်ရှိ သီရိမဏ္ဍိုင် ကျောင်းတိုက်တို့တွင် ယနေ့နံနက် ပိုင်းက ပြည်နယ်စည်ပင်သာယာ ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ နှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းဆောင် ရွက်နေမှုကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ သွား ရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဘားအံ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုး ကူညီမှုဖြင့် ရှေးဟောင်းသုတေ သနနှင့် အမျိုးသားပြတိုက်ဦးစီး ဌာန (ဘားအံဌာနခွဲ)နှင့် ဘားအံ တက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်ခဲ့ သည့် ကရင်ရိုးရာ ဒုံးအက သင်တန်းဆင်းပွဲသို့ တက်ရောက် အမှာစကား ပြောကြားပြီး သင်တန်းသား များအတွက် သင်တန်းဆင်း လက်မှတ်များ၊ သင်တန်းနည်းပြများအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ခဲ့ ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃) မှ အမျိုးသမီးဗိုလ်လောင်းများ နေပြည်တော်အတွင်း လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြမည့် ဗိုလ်လောင်းများအနေဖြင့် ဘုရား၊ စေတီပုထိုးများနှင့် အထင်ကရနေရာများအား သွားရောက်လေ့လာခြင်းဖြင့် ဘာသာတရားကိုင်းရှိုင်းမှုနှင့် ဒေသန္တရဆိုင်ရာဗဟုသုတရရှိစေရန်၊ တပ်မတော်သမိုင်းနှင့် နိုင်ငံချစ်စိတ်၊ တပ်မတော်ချစ်စိတ်များ ရှိစေရန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်ထက်မြက်စေရန်ရည်ရွယ်၍ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃) မှ အမျိုးသမီးဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများနှင့်အတူ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ဦးစွာ အမျိုးသမီးဗိုလ်လောင်းများသည် အောက်တိုဘာ ၁၆ ရက်တွင် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်လေ့လာကြရာ ဂေါပကများနှင့် တာဝန်ရှိသူများက ဘုရားကြီး၏သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားပြီး ဗိုလ်လောင်းများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနဝံ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်လောင်းများက နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရတနာဆင်ဖြူတော်များကို ဆင်စာများကျွေး၍ ကုသိုလ်ယူကြသည်။

နေ့လယ်ပိုင်းတွင် ဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများနှင့်အတူ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး ဗိုလ်လောင်းများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးကြသည်။

ယနေ့နံနက်ပိုင်းတွင်လည်း အမျိုးသမီးဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ဗုဒ္ဓဂယာ (နေပြည်တော်) သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်များကို သွားရောက်ဖူးမြော် ကုသိုလ်ယူကြသည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်၍ မြန်မာ့တပ်မတော်စတင်ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ အစပြု၍ ခေတ်အဆက်ဆက် တပ်မတော်တွင် အသုံးပြုခဲ့သော စစ်ဝတ်တန်ဆာပလာအသုံးအဆောင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြင်ပပြကွက်များနှင့် ပြတိုက်အတွင်း ပြခန်းဆောင်များ၊ လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးများ၏ ပြခန်း၊ ပြကွက်များအလိုက် ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားစွာ အသက်ကိုပင် ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိသည့် အထိမ်းအမှတ် ဗိမာန်တစ်ခုဖြစ်သော သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# မင်းလှမြို့၌ ဝါစိုက်တောင်သူများအား မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**မင်းလှ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝါစိုက်တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဝါစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တမြို့နယ်ဥက္ကဋ္ဌ ရဲမှူးစိန်ဝင်းနှင့် အဖွဲ့ဝင်များက ဝါစိုက်ကေ လျော့နည်းမှုမရှိစေရေး၊ တစ်နှစ်ထက်တစ်နှစ် စိုက်ကေတိုးပွားအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးက ဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှုနှင့်ပတ်သက်၍ စာချုပ်ပါ စည်းကမ်းချက်များနှင့် ချေးငွေသက်တမ်း ကာလကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ပန်းတော်ပြင်ကျေးရွာအုပ်စု၊ မယ်ဇလီတောကျေးရွာအုပ်စု၊ ရေခါးကျေးရွာအုပ်စု အတွင်းရှိ တောင်သူများ၏ စိုက်ပျိုးမြေကေ ၃၁၁ ကေအတွက် တစ်ကေလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ် ၉၃၃ သိန်းကို ပေးအပ်ကာ တက်ရောက်လာသော တောင်သူ ၉၃ ဦးအား အယ်လ်နီညိုသက်ရောက်မှုကြောင့်ဖြစ်ပေါ်လာနိုင်သော စိုက်ခင်းများကို ကြိုတင်ကာကွယ်ရန် သတိပေးနှိုးဆော်ချက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**



စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့မစည်ပင်သာယာဈေး၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူရှိန်မြင့်မားပြီး မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မီးသတ်ရေစုကန်များ၊ မီးသတ်ရေငုတ်များ၊ အရန်မီးသတ်စက်ထားရှိမှုများ၊ လျှပ်စစ်မီးလိုင်း သွယ်တန်းထားရှိမှုနှင့် မီးသတ်ဆေးဘူးထားရှိမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး၊ မြို့နယ်လျှပ်စစ်ရုံးတို့မှ ဝန်ထမ်းများက အောက်တိုဘာ ၁၆ ရက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)

# ကသာမြို့ဘူတာ၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ကသာ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ်စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ယနေ့နံနက်ပိုင်းက မြန်မာ့မီးရထားဘူတာရုံအတွင်း ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်နှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(ကသာ)**



မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မြို့မစည်ပင်သာယာဈေး၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူရှိန်မြင့်မားနေသည့်အချိန်တွင် လျှပ်စစ်ဝိုင်ယာရှော့ကြောင့် မီးလောင်မှုမဖြစ်စေရေးအတွက် အောက်တိုဘာ ၁၅ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးဆန်းဝင်းနှင့်တပ်ဖွဲ့ဝင်များ ဈေးမီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# ရေခန်းခြောက်မှု လျော့ပါးသက်သာစေရေး သောက်သုံးရေကန်များ အမိုးတပ်ဆင်

**ဖျာပုံ အောက်တိုဘာ ၁၇**

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေကန်များ ရေခန်းခြောက်မှုလျော့ပါးသက်သာစေရေးအတွက် ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အပူဒဏ်ကာကွယ်ရေး အစိမ်းရောင်အမိုးများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ရေကန်အမိုးမိုးခြင်းများကို ဖျာပုံမြို့နယ် ထိန်တပင်ကျေးရွာ၊ ကျိုက်လတ်မြို့နယ် ဘိုးလူဝကျေးရွာ၊ ကရင်ကုန်းကျေးရွာ၊ ဒေးဒရဲမြို့နယ် ကျုံမှော်ကျေးရွာနှင့် ဘိုကလေးမြို့နယ် အုပ်ကျွတ်ကျေးရွာတို့တွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**သက်ထက်**

# ကမ္ဘာ့စားသုံးသူတို့အကြိုက်ဆုံး မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေး၏ ရွှေရောင်ခရီးလမ်း

**စိုက်မွေးဆည်**

မြန်မာ့ပေါ်ဆန်းစပါးသည် မြန်မာနိုင်ငံတွင် ရှေးမင်းအဆက်ဆက် ကာလကတည်းကပင် အစဉ်အဆက် စိုက်ပျိုးထုတ်လုပ်လာခဲ့သည့် သမိုင်းအစဉ်အလာကြီးမားသော ဒေသထွက် အရည်အသွေးမြင့် စပါးမျိုးစစ်စစ် ဖြစ်ပါသည်။

ပေါ်ဆန်း၏ ထူးခြားလှသော သဘာဝမွှေးရနံ့၊ ချက်ပြုတ်ပြီးချိန်တွင်ရရှိသည့် နူးညံ့ပျော့ပျောင်းပြီး အိအိတုံတုံရှိလှသော ထမင်းသားအရည်အသွေးတို့ကြောင့် ပြည်တွင်းရှိ စားသုံးသူများအကြားတွင် ခေတ်အဆက်ဆက် သတ်မှတ်စံနှုန်းမြင့်မားသည့် ထိပ်တန်းပရီမီယံဆန်အဖြစ် ယနေ့တိုင် လူကြိုက်များ ရေပန်းစားလျက်ရှိနေပါသည်။

ဆန်စပါးလောကတွင် "မြန်မာ့ပုလဲစပါး" ဟု တင်စားရလောက်အောင် မြန်မာနိုင်ငံ၏ဂုဏ်ဆောင် ကိုယ်စားပြုသီးနှံတစ်မျိုးဖြစ်ပြီး မိမိတို့၏ မူရင်းဒေသ မြေဆီလွှာနှင့် ရေမြေရာသီဥတုအောက်တွင်သာ အရည်အသွေးအကောင်းဆုံး ထွက်ရှိတတ်သည့် မြန်မာ့မြေမှပေါက်ဖွားသော အဖိုးတန်ရတနာတစ်ပါး ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော International World Rice Conference 2026 ၏ ဆန်အရည်အသွေးယှဉ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ "ပေါ်ဆန်းမွှေး" ဆန်သည် "၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဆန်" (The World's Best Rice Award 2026) ဆုကို ရရှိခဲ့ပါသည်။ ယခင်ကလည်း ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် "၂၀၀၉ ခုနှစ် ကမ္ဘာ့ဆန်စပါးညီလာခံ" (2009 World Rice Conference) တွင် ပေါ်ဆန်းဆန်ဖြင့် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရရှိခဲ့ဖူးသည်။

၂၀၁၁ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသော The Rice Trader World Rice Conference ၏ ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲတွင် "၂၀၁၁ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဆန်" (The World's Best Rice of 2011)ဆုကို ရရှိခဲ့ပါသည်။ ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ယှဉ်ပြိုင်ခဲ့ခြင်း မရှိသော်လည်း ယခုနှစ်တွင် တတိယအကြိမ်ဝင်ပြိုင်ပြီး ပထမဆုကို ဒုတိယအကြိမ်ရရှိခြင်း ဖြစ်သည်။ မြန်မာ့ပေါ်ဆန်းသည် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် တတိယဆု(၁)ကြိမ်နှင့် ပထမဆု (၂)ကြိမ် ရရှိခဲ့သဖြင့် အကောင်းဆုံးအရည်အသွေးစစ်စစ်နှင့် အဆင့်မြင့်အရသာကို တန်ဖိုးထားနှစ်သက်ကြသော ကမ္ဘာ့စားသုံးသူတို့၏အကြိုက်ဆုံး မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေးဟု တင်စားခေါ်ဆိုထိုက်ပါသည်။

### ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲ

ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲတွင် ဆုရရှိခြင်းသည် လွယ်ကူသည့်ကိစ္စမဟုတ်ပါ။

နှစ်စဉ် ကျင်းပသော International World Rice Conference ပြိုင်ပွဲများသည် ကမ္ဘာ့ဆန်လောကတွင် အစဉ်အလာကြီးမားသော၊ အထူးထင်ရှားသော မှတ်တိုင်များဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲကို အမေရိကန်ပြည်ထောင်စုအခြေစိုက် The Rice Trader နှင့် International Commodity Institute အဖွဲ့အစည်းတို့မှ ဦးဆောင်ကျင်းပခဲ့ပြီး ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး(၁၄)နိုင်ငံဖြစ်သည့် အိန္ဒိယ၊ ဗီယက်နမ်၊ ပါကစ္စတန်၊ မြန်မာ၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အမေရိကန်၊ လာအို၊ နီပေါ၊ အင်ဒိုနီးရှား၊ အာဂျင်တီးနားနှင့် ဂါနာနိုင်ငံတို့မှ အရည်အသွေးမြင့် ဆန်အမျိုးအစားများနှင့် နာမည်ကြီး ပရီမီယံဆန် (Premium Rice) (၂၂) မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။ ပြိုင်ပွဲဝင်ဆန်များကို ကမ္ဘာတစ်ဝန်းမှ ထိပ်တန်းစားဖိုမှူးကြီးများနှင့် ဆန်စပါးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် နိုင်ငံတကာအကဲဖြတ်ဒိုင်အဖွဲ့က စနစ်တကျ စစ်ဆေးခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်နိုင်ငံများသည် ဆန်နမူနာပေးပို့ရာတွင် နောက်ဆုံးထွက် အသစ်စက်စက် ရိတ်သိမ်းထားသော မြန်မာအခေါ် ကောက်သစ်ဆန်များကိုသာ ပေးပို့ယှဉ်ပြိုင်ကြရသည်။

ပေးပို့လာသော ဆန်နမူနာများ၏ ဆန်အရည်အသွေးကို စစ်ဆေးအကဲဖြတ်ရာတွင် အဓိကအဆင့် ၂ ဆင့်ဖြစ်သည့် မချက်ပြုတ်ရသေးသော ဆန်စိမ်းပုံစံနှင့် ချက်ပြုတ်ပြီးသားထမင်းပုံစံ စသည့်ပုံစံနှစ်မျိုးလုံးကို နှစ်ဖက်မျက်ကွယ်စနစ် (Double-Blind Testing) ဖြင့် အမှတ်ပေးဆုံးဖြတ်ခဲ့ကြပါသည်။ ပထမအဆင့်အနေဖြင့် မချက်ပြုတ်ရသေးမီ ဆန်စိမ်းအခြေအနေကို ဆန်စေ့များ၏ သန့်ရှင်းမှုရှိ မရှိ၊ ကျိုးကြေမှုရှိ မရှိ၊ ဆန်စေ့များ ညီညာမှုရှိ မရှိနှင့် အရောင်အဆင်းပုံသဏ္ဌာန်တို့ကို မျက်စိဖြင့် သေချာကြည့်ရှုအကဲဖြတ်ကြပါသည်။ ဒုတိယအဆင့်အနေဖြင့် ဆန်ကိုသတ်မှတ်ထားသည့် စံနှုန်းအတိုင်း စနစ်တကျချက်ပြုတ်ပြီးနောက် ဒိုင်လူကြီးများက ကိုယ်တိုင်မြည်းစမ်း စစ်ဆေးကြပါသည်။ ချက်ပြုတ်ပြီး ထမင်းအခြေအနေတွင် ထွက်လာသည့် အနံ့၊ ထမင်း၏ အိစက်ညက်ညောမှုနှင့် လျှာဖျားတွင် ခံစားရသည့်အရသာတို့ကို စစ်ဆေးအကဲဖြတ်ကြပါသည်။ "ဆုအဖြစ် သတ်မှတ်သည့် အမှတ်ပေးစံနှုန်းများမှာ ထမင်းလုံးပုံသဏ္ဌာန်ညီညာမှု(Consistency)၊ ထမင်းလုံးရှည်ထွက်မှု (Grain Length)၊ အမွှေးနံ့ရရှိမှု (Aroma)၊ အိစက်နူးညံ့မှု(Texture)၊ စေးပိုင်မှု (Stickiness)နှင့် စားသုံးမှုအရသာ(Taste)တို့ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်တွင် ကျယ်ပြန့်စွာရောင်းဝယ်ဖောက်ကားနေမှု၊ စိုက်ပျိုးနည်းပညာနှင့် အထွက်နှုန်း စသည့်အချက်တို့ပေါ် မူတည်နေခြင်းမဟုတ်ဘဲ ကမ္ဘာပေါ်ရှိ စားသုံးသူများ၊ ချက်ပြုတ်သူများ၊ စားဖိုမှူးများနှင့် အိမ်ရှင်မများအတွက် ကြိုက်နှစ်သက်မှုအနေအထားကိုသာ မူတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း"လည်း သိရပါသည်။

### အကဲဖြတ်အမှတ်ပေးခြင်း

ဆန်သားညီညွတ်မှုဟုဆိုရာတွင် ဆန်စေ့များ၏ ပုံသဏ္ဌာန်၊ အရွယ်အစား၊ အရောင်အသွေး (ဥပမာ- ပုလဲလုံးသဖွယ်လှပမှု) နှင့် ဆန်ကွဲအနည်းအများတို့၌ တစ်သမတ်တည်းဖြစ်ခြင်း၊ ညီညာခြင်းတို့ကို တိုင်းတာခြင်း ဖြစ်ပါသည်။ ဆန်စေ့အရှည်တွင် ဆန်စေ့၏အလျား၊ ချက်ပြုတ်ပြီး ထမင်းဖြစ်လာသည့်အခါ လုပစွာဆန့်ထွက်ရှည်လျားလာမှုတို့ကို တိုင်းတာပါသည်။ အမွှေးနံ့ရရှိမှုကို အကဲဖြတ်ရာတွင် ဆန်ကြမ်းအဆင့်၌ရရှိသောအနံ့နှင့် ချက်ပြုတ်ပြီးအဖုံးဖွင့်လိုက်သည့်အခါ ထွက်ရှိလာသော ထမင်း၏ သဘာဝအမွှေးနံ့တို့ကို အနံ့ခံအကဲဖြတ်ခြင်း ဖြစ်ပါသည်။

အိစက်နူးညံ့မှုကို အကဲဖြတ်ရာတွင် ထမင်းကို ဝါးလိုက်သည့်အခါ ခံတွင်းထဲ၌ခံစားရသော အပျော့အမာ၊ အိစက်ညက်ညောမှုနှင့် ထုထည်ဖွဲ့စည်းပုံတို့နှင့်အတူ လျှာပေါ်တွင် နူးညံ့အိစက်ပြီး ဝါးရသည့် အရသာကောင်းမွန်မှုကို ခံစား၍ အကဲဖြတ်ခြင်းဖြစ်သည်။ စေးပိုင်မှုကိုတိုင်းတာရာတွင် ထမင်းစေ့တစ်စေ့နှင့်တစ်စေ့ အစေးဓာတ်ရှိပြီး ကပ်တွယ်စုစည်းမှု၊ တူ သို့မဟုတ် ဇွန်းဖြင့်ကိုင်တွယ်ရ လွယ်ကူစေမည့် အစေးဓာတ်နှင့် ဝါးလိုက်သည့်အခါ ကပ်မနေဘဲ စေးပိုင်ပိုင်ဖြစ်နေမှုတို့ကို စစ်ဆေးပါသည်။ စားသုံးမှုအရသာတွင် ဟင်းမပါဘဲ ထမင်းသက်သက်ကို စားကြည့်သည့်အခါထွက်လာသည့် ဆန်၏ ဇာတိသဘာဝအရသာကောင်းမွန်ပြည့်စုံမှုနှင့် ထမင်းဝါးပြီး မျိုချခါနီးအထိ လျှာပေါ်တွင် ခံစားရသည့် သဘာဝချိုမြိန်မှုနှင့် အရသာထူးကဲမှုတို့ကို အာရုံငါးပါးဖြင့် ခံစားတိုင်းတာ အကဲဖြတ်ခြင်းဖြစ်ပါသည်။

အကဲဖြတ်ရာတွင် ထမင်းဖြူချည်းသက်သက် မြည်းစမ်းခြင်း၊ ထမင်းပေါင်းအဖြစ် ပြုပြင်လုပ်ဆောင်စားသောက်ခြင်း၊ ဆန်ပြုတ်ပြုလုပ်စားသောက်ခြင်း၊ ရေညှိထမင်းလိပ်ပြုလုပ်စားသောက်ခြင်း၊ ထမင်းကြော်အဖြစ် ပြုလုပ်စားသောက်ခြင်းတို့ အပါအဝင် နမူနာစမ်းသပ်မှုများကို လက်တွေ့လုပ်ဆောင်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာ့ပေါ်ဆန်းမွှေးဆန်သည် ယခုနှစ်ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲ၌ အမှတ်ပေးစံနှုန်း(၆)ချက်လုံးနှင့် ကိုက်ညီမှုရှိခဲ့သည့်အပြင် အမျိုးမျိုးသော စားသောက်ဖွယ်ရာများကို အရသာအပြည့်အဝ ပေးစွမ်းစေနိုင်ခြင်းကြောင့်သာ ကမ္ဘာ့အကောင်းဆုံးဆန်ဆု(The World's Best Rice Award 2026) ကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံမှ ST25 ဆန်၊ ဖိလစ်ပိုင်နိုင်ငံမှ Mabango 3၊ အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်၊ ထိုင်းနိုင်ငံမှ ဂျက်စမင်ဆန် အစရှိသည့် နာမည်ကြီးအမှတ်တံဆိပ်တို့ကို ကျော်လွန်ပြီး ပထမဆုရရှိခဲ့ခြင်း ဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ ထိပ်တန်းဆုကြီးကို ဒုတိယအကြိမ် ပြန်လည်ဆွတ်ခူးနိုင်ခြင်းမှာ "မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရမည်" ဆိုသော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်တိုက်တွန်းချက်များနှင့်အညီ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်များကတည်းက ပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်နေကြသော တောင်သူလယ်သမားများ၏စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်မှု၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီးအဆင့်ဆင့်ရှိ တာဝန်ရှိသူများ၏ ကြီးကြပ်ကွပ်ကဲမှု၊ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်၊ သွင်းအားစုများနှင့်ပတ်သက်သည့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၏ ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေပံ့ပိုးပေးနိုင်မှုတို့ကြောင့် ဖြစ်ပါသည်။

ယခုကဲ့သို့ ကမ္ဘာ့အကောင်းဆုံးဆန်ဟု သတ်မှတ်ခြင်းခံထားရသည့် မြန်မာ့ပေါ်ဆန်းဆန်၏ ဂုဏ်သတင်းရေရှည်တည်တံ့ခိုင်မြဲရေးသည် အမျိုးသားရေးတာဝန်ဖြစ်သောကြောင့် အဆိုပါဂုဏ်အင်ကို ဖော်ဆောင်ပေးကြမည့် ပါဝင်ပတ်သက်သူများအားလုံး အလေးအနက်ထားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။




❖ **မြန်မာ့ပေါ်ဆန်းသည် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် တတိယဆု(၁)ကြိမ်နှင့် ပထမဆု (၂)ကြိမ်ရရှိခဲ့သဖြင့် အကောင်းဆုံးအရည်အသွေးစစ်စစ်နှင့် အဆင့်မြင့်အရသာကို တန်ဖိုးထားနှစ်သက်ကြသော ကမ္ဘာ့စားသုံးသူတို့၏အကြိုက်ဆုံး မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေးဟု တင်စားခေါ်ဆိုထိုက်**

❖ **ယခုကဲ့သို့ ကမ္ဘာ့အကောင်းဆုံးဆန်ဟု သတ်မှတ်ခြင်းခံထားရသည့် မြန်မာ့ပေါ်ဆန်းဆန်၏ ဂုဏ်သတင်းရေရှည်တည်တံ့ခိုင်မြဲရေးသည် အမျိုးသားရေးတာဝန်ဖြစ်သောကြောင့် အဆိုပါဂုဏ်အင်ကို ဖော်ဆောင်ပေးကြမည့် ပါဝင်ပတ်သက်သူများအားလုံး အလေးအနက်ထား ဆောင်ရွက်သွားကြရမည်ဖြစ်**

### မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်း

ပေါ်ဆန်းစပါးမျိုးများသည် ဒေသအလိုက် အခေါ်အဝေါ်အမျိုးမျိုး ကွဲပြားလျက်ရှိသည့်အပြင် အရည်အသွေးနှင့် ဝိသေသလက္ခဏာများမှာလည်း ကွဲပြားခြားနားမှုရှိကြပါသည်။ သဘာဝ၏ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်ကြောင့် ပေါ်ဆန်းစပါးမျိုးကွဲများ မျိုးတုံးပျောက်ကွယ်သွားခြင်း မရှိစေရေးအတွက် အထူးအစီအမံများဖြင့် စနစ်တကျထိန်းသိမ်းသွားရန်မှာ အလွန်အရေးကြီးသည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။

ပေါ်ဆန်းစပါးမျိုးများကို ထိန်းသိမ်းရာတွင် မူရင်းပေါက်ရောက်ရာဒေသများတွင် စနစ်တကျထိန်းသိမ်းခြင်းနှင့် အထူးစီမံထားသည့် မျိုးဗီဇထိန်းသိမ်းရာနေရာများတွင် ထိန်းသိမ်းခြင်းတို့ဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။ ယနေ့အချိန်ထိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မျိုးစေ့ဘဏ်တွင် ပေါ်ဆန်းမျိုးကွဲပေါင်းတစ်ရာကျော်ကို စုဆောင်းထိန်းသိမ်းထားရှိပြီးဖြစ်ပါသည်။

ပေါ်ဆန်းမျိုးများကို အကြမ်းဖျင်းအားဖြင့် အလင်းရောင်တုံ့ပြန်မှုရှိသည့် ပေါ်ဆန်းမျိုးများကို ပေါ်ဆန်းကြီးနှင့် အလင်းရောင်တုံ့ပြန်မှု အသင့်အတင့်သာရှိသောပေါ်ဆန်းမျိုးများကို ပေါ်ဆန်းရင်ဟု ခေါ်ဆိုကြပြီး အများစုမှာ သက်တမ်းစပါးအဖြစ်မှတ်ယူထားခဲ့ကြပါသည်။ ထို့အပြင် ပေါ်ဆန်းစပါးမျိုးများကို ဆန်ဈေးကွက်နှင့် စိုက်ပျိုးသည့်ဒေသအပေါ် အစွဲပြု၍လည်း အမည်နာမအမျိုးမျိုး ခေါ်ဝေါ်ကြသည်။

ပေါ်ဆန်းမွှေးစပါးသည် မြန်မာနိုင်ငံတွင် အရည်အသွေးနှင့် တန်ဖိုးအမြင့်ဆုံး စပါးမျိုးဖြစ်သည့်အားလျော်စွာ ဈေးကွက်တွင်လည်း ထိပ်ဆုံးမှရပ်တည်လျက်ရှိပါသည်။ *စာမျက်နှာ ၁၁ သို့*

# CMP ပို့ကုန်၊ သွင်းကုန်ဆိုင်ရာကြီးကြပ်ရေးဆပ်ကော်မတီ၏ ၃/၂၀၂၄ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၇

CMP ပို့ကုန်သွင်းကုန်ဆိုင်ရာ ကြီးကြပ်ရေး ဆပ်ကော်မတီ၏ ၃/၂၀၂၄ ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲ ကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် – UMFCCI အစည်းအဝေးခန်းမ၌ ကျင်းပ သည်။



အစည်းအဝေးတွင် CMP ကဏ္ဍ ပြည်ပပို့ကုန် တင်ပို့မှု ပိုမိုတိုးတက်စေရေးအတွက် ထုတ်လုပ်မှု တန်ဖိုးကွင်းဆက် Supply Chain တစ်လျှောက် ဟန်ချက်ညီညီဆောင်ရွက်ရေး အရည်အသွေးပြည့်မီ သော CMP လုပ်ငန်းများကို လျာထားချက်ကျော်လွန် အောင် ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ ပြည်ပ ဈေးကွက် ပိုမိုရရှိအောင်ဆောင်ရွက်ရေး၊ ပြည်တွင်း သုံးစွဲရန်အတွက် လုံလောက်စွာဖြန့်ဖြူးပေးရေး၊ ပို့ကုန်ပိုမိုတင်ပို့နိုင်ရေးအတွက် ထုတ်လုပ်သူ၊ ပို့ကုန် လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များက ပူးပေါင်းဆောင် ရွက်ရေး၊ မျှတသည့်ကုန်သွယ်မှုဖြစ်ပေါ်စေရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ဆောင်ရွက်သွားကြရန်နှင့် တရားမဝင်တင်ပို့ခြင်း၊ တင်သွင်းခြင်းများ မရှိစေရေးအတွက် အစိုးရနှင့် လုပ်ငန်းရှင်များ ပူးပေါင်းတားဆီးဆောင်ရွက်သွားကြ ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်က ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ (MSME) က ပြည်ပပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွား မည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ဒုတိယ ဝန်ကြီးက ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာ နှင့် ပူးပေါင်း၍ ကုန်သွယ်မှုတိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်သွားကြရန်နှင့် တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး သည်။

အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ အသေးစား၊ အငယ် စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ (MSME)၊ CMP ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် ပြည်ပနိုင်ငံများမှ စီးပွားရေးသံမှူးများက Virtual စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန် များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော် သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်း တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ နယ်မြေခံတပ်ရင်း ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက် ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူ များ စိတ်အေးချမ်းသာစွာ နေထိုင် လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစု များနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက် ရောက်လာကြသူများက အောင် ပန်းကုံးများ၊ အောင်သပြေခက် များကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်း ဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများ အား ဂုဏ်ပြုအမှာစကား ပြော ကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိ သည်။

သတင်းစဉ်

# သရက်မြို့ ဂါလန် နှစ်သိန်း ခြောက်သောင်းရှိ မြို့ရေပေးဝေရေး ရေစုကန်တွင် ကလိုရင်းဆေးခတ်ခြင်းဆောင်ရွက်

သရက် အောက်တိုဘာ ၁၇

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့ပေါ်ရပ်ကွက်များရှိနေအိမ်များ သို့ သောက်သုံးရေဖြန့်ဖြူးပေးသည့် ဂါလန် နှစ်သိန်း ခြောက်သောင်းရှိ ရေစုကန်အား ကလိုရင်းဆေးခတ်ခြင်းကို ယမန်နေ့က ဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေနိုင်မှုအစီအမံ များအား စစ်ဆေးခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်း



များက ရေစုကန်အတွင်း ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြကြောင်း သိရသည်။

မောင်လှလင်(သရက်)

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော် အောက်တိုဘာ ၁၇

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီ ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်း ငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

စာမျက်နှာ ၁၀ မှ

ပေါ်ဆန်းမွှေးဆန်သည် အနံ့ကောင်းမွန်ပြီး ထူးခြားသော အမွှေးနံ့ရှိခြင်း၊ စားသုံးမှုအရည်အသွေး အထူးကောင်းမွန်ခြင်း၊ ဆန်ရည်ဆန်သွားမှာ အဖြူရောင်ဖြစ်ပြီး စိုစွတ်တောက်ပြောင်ခြင်း၊ ချက်ပြုတ်ပြီးစီး၍ ထမင်းဖြစ်သွားသည့်အချိန်တွင် မူလဆန်အရွယ်အစားထက် နှစ်ဆ၊ သုံးဆခန့် အထိ ရှည်ထွက်လာခြင်း၊ အေးသွားသည်အထိ ပျော့ပျောင်း နေခြင်း၊ ဒေသမျိုးဖြစ်၍ အပင်အရပ်မြင့်ပြီး ယူရီးယားမြေဩဇာအသုံးပြုမှုအား တုံ့ပြန်နိုင်မှု နည်းခြင်းနှင့် ဆန်ကြိတ်ခွဲခံနိုင်မှုစွမ်းရည် မြင့်မား ခြင်းတို့ကြောင့် အခြားစပါးမျိုးများထက် ဆန်ကွဲ ထွက်ပမာဏလျော့နည်းခြင်း စသည့်အားသာချက် များရှိပါသည်။

ထိုအရည်အသွေးများသည် မြန်မာနိုင်ငံ မြစ်ဝ ကျွန်းပေါ်ဒေသများရှိသော ဧရာဝတီတိုင်းဒေသကြီး နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုလွင်ပြင်တို့တွင် စိုက်ပျိုးမှုသာ မူလအနံ့နှင့် အရည်အသွေးစစ်စစ်ကို ပိုမိုရရှိနိုင်ပြီး အခြားဒေသများတွင် ပြောင်းရွှေ့ စိုက်ပျိုးလျှင် ရာသီဥတုပေါ်မူတည်၍ အရည်အသွေး လျော့ကျပျက်ပြယ်သွားနိုင်ပါသည်။

### စိုက်ပျိုးနည်းပညာဖြန့်ဝေခြင်း

မြန်မာ့ပေါ်ဆန်းဆန်၏ အရည်အသွေးပြည့်စုံမှု ကို ထိန်းသိမ်းကာ နိုင်ငံတော်၏ "မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရမည်"ဟူသော လမ်းညွှန်ဆောင်ပုဒ် နှင့်အညီ လက်တွေ့အကောင်အထည်ဖော်ရန်အတွက် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ စနစ်တကျ ဖြန့်ဖြူးပေးခြင်းသည် အဓိက သော့ချက်ဖြစ်ပါ သည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဧရာဝတီ တိုင်းဒေသကြီးအတွင်း ပေါ်ဆန်းစပါးသီးသန့် စိုက်ပျိုးထုတ်လုပ်သည့် ပေါ်ဆန်းဇုန်များကို ဖျာပုံ၊ မြောင်းမြ၊ မအူပင်၊ ပုသိမ်နှင့်ဟင်္သာတ စသည့်ခရိုင် များတွင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင်လည်း တိုးချဲ့ စိုက်ပျိုးလျက်ရှိကြောင်း သိရှိရပါသည်။ ပေါ်ဆန်း စပါးသည် တစ်နှစ်လျှင်တစ်ကြိမ်သာ ရိတ်သိမ်း ရသည့် အဖိုးတန်ဒေသမျိုးဖြစ်၍ ၎င်း၏ဇာတိမျိုးရိုး ဗီဇနှင့် ထူးခြားသောမွှေးရနံ့ဂုဏ်သတ္တိများ မပျောက် ပျက်စေရန်အတွက် မျိုးကောင်းမျိုးသန့်စပါး ရွေးချယ်စိုက်ပျိုးနည်းများကို တောင်သူများထံ အရောက်ဖြန့်ဝေပေးလျက် ရှိပါသည်။

ထို့အပြင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင် ရည်ရှိစေမည့် စိုက်ပျိုးရေစီမံခန့်ခွဲမှုစနစ်၊ သဘာဝ မြေဩဇာနှင့်ဓာတ်မြေဩဇာကို မျှတစွာအသုံးပြုသည့် နည်းပညာများ၊ ပိုးမွှားရောဂါ ကာကွယ်နည်းများနှင့် ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံးမှု လျော့ချရေး နည်း ပညာများကိုပါ ပညာပေးဆောင်ရွက်လျက် ရှိပါသည်။

### အားလုံးကိုယ်စီတာဝန်ရှိခြင်း

"စားသုံးသူတို့အကြိုက်ဆုံး မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေး၏ ရွှေရောင်ခရီးလမ်း" သည် နိုင်ငံတကာစင်မြင့်ထက်တွင် ရွှေတံဆိပ်ဆုဖြင့် ကမ္ဘာ့အဆင့်အရည်အသွေးကို သက်သေပြနိုင်ခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း ဤအောင်မြင်မှုဂုဏ်ဒြပ် ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ် သွားရန်မှာ ဆုရရှိခြင်းထက်ပင် ပိုမိုစိန်ခေါ်မှုကြီးမား လှပေသည်။ မြန်မာ့ပေါ်ဆန်းဆန်၏ ထိပ်တန်း အရည်အသွေးနှင့် ဈေးကွက်ခိုင်မာမှုကို နောင် နှစ်ပေါင်းများစွာအထိ အရှိန်အဟုန်မပျက် ဆက်လက်ထိန်းထားနိုင်ရန်အတွက် ကွင်းဆက် တစ်ခုလုံးတွင်ပါဝင်သူအားလုံးက လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်သည်။

ယခုကဲ့သို့သော ဆန်အရည်အသွေးပြိုင်ပွဲတွင် (၃) ကြိမ်တိုင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး (၃) ကြိမ်လုံး ထိုက်တန်သောဆုကြီးများ ရရှိခဲ့ခြင်းသည် ပေါ်ဆန်းစပါးမျိုးကို စတင်စိုက်ပျိုးခဲ့သော ဘိုးဘွား မိဘတောင်သူဦးကြီးများ၊ ယခုထက်တိုင် လက်ဆင့် ကမ်းမျိုးထိန်းသိမ်းစိုက်ပျိုးနေကြသော တောင်သူ ဦးကြီးများ၊ စဉ်ဆက်မပြတ် မျိုးထုတ်လုပ်ပေးကြ သော ပေါ်ဆန်းစပါးမျိုး ထုတ်လုပ်သူများနှင့်စိုက်ပျိုး ရေးပညာရှင်များ၊ ဒေသအစိုးရများ၏ ကြိုးပမ်း ဆောင်ရွက်မှု၊ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ နိုင်ငံတော်သမ္မတကြီး၏ ချီးမြှောက်တိုက်တွန်းမှု တို့ကြောင့် ဖြစ်ပါသည်။

သို့ဖြစ်ရာ ပေါ်ဆန်းဆန်၏ အောင်မြင်မှုကို ရေရှည်တည်တံ့စေရန်အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ကြီးကြပ်မှုများနှင့်အညီ တက်ညီလက်ညီ ဖြင့် အစိုးရ – ပုဂ္ဂလိက – တောင်သူများ စည်းလုံး ညီညွတ်စွာ ဆက်လက်လုပ်ဆောင်သွားရန် လိုအပ် ပါကြောင်း ဂုဏ်ပြုတိုက်တွန်းအပ်ပါသည်။ ။

# တောင်ဖျားဆီက မိုးညို့ညို့နှင့် ရေလှောင်တမံ၊ ရေပိုလွှဲများ ...

**မြစ်ချောင်းဖျား တောင်တန်းများဆီတွင် မိုးတိမ်များ မှောင်မည်းညို့မှိုင်းလာပါက သိပ်မကြာမီတွင် မြစ်ရေချောင်းရေများ တရိပ်ရိပ်တက်လာတော့မည့် လက္ခဏာဖြစ်သည်ဟု အဆိုရှိပါသည်။**

အေးမြင့်ဆွေ(ဆည်/ရေ)

ယခုအခါတွင် အယ်လ်နီညိုနှင့် လာနီညာကဲ့သို့သော အစွန်းရောက်ရာသီဥတုပြောင်းလဲမှုများကြောင့် စံချိန်တင်မိုးများ ရွာသွန်းခြင်း၊ အချိန်အခါမဟုတ် မိုးများရွာသွန်းခြင်းကဲ့သို့ ခန့်မှန်းရခက်သည့် မိုးလေဝသအခြေအနေများ တွေ့ကြုံလာရသည်။ တောင်ဖျားဆီတွင် လိုအပ်သည်ထက် ပိုသော မိုးညို့ညို့များ တစ်နှစ်ပြီးတစ်နှစ် တွေ့ကြုံလာနေကြရပါသည်။

ထိုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာသည့်အခါ ရေလှောင်တမံများရှိ ရေပိုလွှဲများမှ ရေများဖောက်ချ၍ ရေကြီးရသည်ဟု အချို့က နားလည်မှု လွဲတတ်ကြပါသည်။ ရေလှောင်တမံများ၏ ရေပိုလွှဲမှ ရေများကျော်ကျနေခြင်းသည် ရေကြီးမှုအတွက် စိုးရိမ်စရာဖြစ်သည်ဟုလည်း တွေးထင်မိတတ်ကြပါသည်။

မိမိကိုယ်တိုင်လည်း ရေလှောင်တမံ ရေပိုလွှဲများအကြောင်း သေချာစွာ မသိရှိရသေးခင်က ထိုသို့တွေးထင်ခဲ့ဖူးသည်ဖြစ်ရာ ဤဆောင်းပါးတွင် ရေပိုလွှဲများ၏ လုပ်ငန်းဆောင်တာ၊ အသုံးဝင် အကျိုးပြုမှုနှင့် ရေပိုလွှဲမှ ဒီဇိုင်းရေထုစီးနှုန်းအထိ ရေကျော်ခြင်းသည် စိုးရိမ်စရာအခြေအနေတစ်ခု မဟုတ်ပါကြောင်း နားလည်သိရှိသမျှ မျှဝေဖော်ပြပေးလိုပါသည်။

## ရေလှောင်တမံဆိုသည်မှာ

**ရေလှောင်တမံဆိုသည်မှာ မိုးရာသီတွင် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်အတွင်းသို့ အကျိုးမဲ့စီးဆင်းသွားမည့် မိုးရေများကို စိုက်ပျိုးရေ ပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ မြို့ရွာများ သောက်သုံးရေဖူလုံစေရေး၊ ဒေသတစ်ခွင် စိမ်းလန်းစိုပြည်ရေးတို့အတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရန် လိုအပ်သည့်ပမာဏအား စနစ်တကျ တွက်ချက်သိုလှောင်ထားသော ရေအား အဆောက်အအုံများ ဖြစ်ပါသည်။ စိုက်ပျိုးရေးကို အခြေခံ တည်ဆောက်ထားသော မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်နိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရေလှောင်တမံများ၏ အကျိုးပြုမှုသည် များစွာအရေးပါပါသည်။**

ရေလှောင်တမံ တည်ဆောက်ရာတွင် ရေဆင်းဧရိယာတစ်ခုလုံးမှ စီးဝင်ရေအားလုံးကို တမံအတွင်း ထိန်းချုပ်သိုလှောင်မည်ဆိုပါက ကြီးမားသော တမံအရွယ်အစားအတွက် ကုန်ကျစရိတ် များပြားခြင်း၊ အောက်ဘက်မြစ်ချောင်းများအတွင်းသို့ ရေစီးဆင်းမှု ရပ်တန့်သွားမည်ဖြစ်သဖြင့် မြစ်၏ ဂေဟစနစ် ပျက်စီးလာခြင်းများ ဖြစ်ပေါ်လာနိုင်သောကြောင့် ရေပေးဝေမည့် စိုက်ပျိုးဧရိယာ (သို့မဟုတ်) ရေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် လိုအပ်သော ရေပမာဏအချို့အား ထိန်းသိမ်းသိုလှောင်ရန်သာ တည်ဆောက်လေ့ရှိကြပါသည်။

ရေလှောင်တမံများ တည်ဆောက်ထားခြင်းကြောင့် ရေဆင်းဧရိယာမှ စီးဆင်းလာသော ချောင်းရေများကို တမံ၏ကန်ရေပြည့်ပမာဏအထိ ထိန်းသိမ်းထားနိုင်ပြီး တဖြည်းဖြည်း ထိန်းညှိ ရေလွှတ်နိုင်မှုကြောင့် တမံအောက်ဘက်ဒေသများတွင် ရေကြီးနစ်မြုပ်ခြင်း လျော့ပါးစေရန် များစွာအထောက်အကူပြုနိုင်ပါသည်။ သိုလှောင်နိုင်သည့် ပမာဏထက်ကျော်သည့် တမံအတွင်း စီးဝင်ရေများမှာလည်း တမံရေဝပ်ဧရိယာသို့ စုဝင်ပျံ့နှံ့ရစ်ခွေပြီးမှ ရေပိုလွှဲမှတစ်ဆင့် ကျော်ကျစီးဆင်းရသဖြင့် ရေစီးအလျင် လျော့နည်းသွားနိုင်ပါသည်။

**တမံအောက်ဘက် ဒေသများသို့ ရေရောက်ရှိရန် စီးဆင်းရချိန်လည်း ကြာမြင့်သွားမည်ဖြစ်သောကြောင့် ရေဘေးအန္တရာယ်အတွက် အချိန်ယူ** ကြိုတင်ပြင်ဆင်နိုင်ပါသည်။ ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးခြင်းများကို ကမ္ဘာတစ်ဝန်း ခံစားနေကြရရာ တမံများကို စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်အတွက်သာမက ရေဘေးကာကွယ်ရေးအတွက်ရေထိန်းတမံများအဖြစ်လည်း ကျယ်ပြန့်စွာ အသုံးပြုလာကြပါသည်။ မြန်မာနိုင်ငံရှိ ရေလှောင်တမံများသည်လည်း ရေထိန်းတမံများအဖြစ် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့အကျိုးပြုလျက်ရှိပါသည်။

## ရေလှောင်တမံ၏ အစိတ်အပိုင်းများ

ရေလှောင်တမံတွင် အဓိက အစိတ်အပိုင်း သုံးမျိုး ပါဝင်ပါသည်။ တမံကိုယ်ထည် (Dam Body)၊ ရေပိုလွှဲ (Spillway) နှင့် ရေထုတ်ပြွန် (Conduit) တို့ဖြစ်ပါသည်။

တမံကိုယ်ထည်အမြင့်ကို သတ်မှတ်ရာတွင် ထိုဒေသ၏ စီးဝင်ရေပမာဏ၊ ရေဝပ်ဧရိယာ၏ ရေသိုလှောင်နိုင်မှုနှင့် အနည်ကျနှုန်းများအပေါ် မူတည်၍ မိမိ အသုံးပြုလိုသော ရေပမာဏကို သိုလှောင်နိုင်မည့်အနက်အပေါ်တွင် လှိုင်းဒဏ်ခံနိုင်သော ရေလွတ်အမြင့် ထည့်ပေါင်း၍ တမံအမြင့်ကို သတ်မှတ်ပါသည်။

သိုလှောင်ထားသည့် အသုံးပြုမည့်ရေများကို တမံကိုယ်ထည်၌ ထည့်သွင်းတည်ဆောက်ထားသော ရေထုတ်ပြွန်မှတစ်ဆင့် ဆည်ရေပေးမြောင်းများအတွင်းသို့ ထုတ်လွှတ်အသုံးပြုနိုင်ပါသည်။ ရေထုတ်ပြွန်အား ရေထိန်းမျှော်စင်မှ ဂိတ်တံခါးဖြင့် လိုအပ်သလို ထိန်းချုပ်ဖွင့်ပိတ်နိုင်ပါသည်။ ထို့ကြောင့် ရေထုတ်ပြွန်သည် ရေလှောင်တမံ၏ ထိန်းချုပ်ဖွင့်ပိတ်နိုင်သော ရေအားအဆောက်အအုံဖြစ်ပြီး ယင်းကိုလည်း စိုက်ပျိုးရေပေးဝေရန်အတွက်သာ ထိန်းချုပ်အသုံးပြုလေ့ရှိပါသည်။

ဤသို့ တမံအတွင်းသို့ စီးဝင်ရေများအနက် အချို့ကိုသာ အသုံးပြုရန် သိုလှောင်ထားနိုင်သည်ဖြစ်သောကြောင့် ထိုလိုအပ်သောပမာဏထက် ပိုသောရေများ ဖြတ်သန်းစီးဆင်းသွားနိုင်စေရန် ရေအားအဆောက်အအုံတစ်ခု တမံကိုယ်ထည်တွင် တပ်ဆင်ရန် လိုအပ်လာပါသည်။ ထိုရေအား အဆောက်အအုံမှာ ရေပိုလွှဲဖြစ်ပါသည်။

> “ ရေလှောင်တမံဆိုသည်မှာ မိုးရာသီတွင် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်အတွင်းသို့ အကျိုးမဲ့စီးဆင်းသွားမည့် မိုးရေများကို စိုက်ပျိုးရေပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ မြို့ရွာများ သောက်သုံးရေဖူလုံစေရေး၊ ဒေသတစ်ခွင် စိမ်းလန်းစိုပြည်ရေးတို့အတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရန် လိုအပ်သည့်ပမာဏအား စနစ်တကျတွက်ချက်သိုလှောင်ထားသော ရေအားအဆောက်အအုံများ ဖြစ်ပါသည်။ စိုက်ပျိုးရေးကို အခြေခံတည်ဆောက်ထားသော မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်နိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရေလှောင်တမံများ၏ အကျိုးပြုမှုသည် များစွာအရေးပါ ”

## ရေပိုလွှဲဆိုသည်မှာ

ရေပိုလွှဲအကြောင်း အနက်ဖွင့်ဆိုရာတွင် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ ကြေးမုံသတင်းစာပါ ဆရာဘုန်းတင်လှိုင် ရေးသားခဲ့သော **“ရေပိုလွှဲဆိုသည်မှာ ရေဖောက်ချရသည့်အရာ မဟုတ်ဘဲ ကန်ရေပြည့်သိုလှောင်ပမာဏထက် ကျော်လွန်ပြီး စီးဝင်လာသောရေများ မူလမြစ်/ချောင်းများထဲသို့ စီးထွက်သွားစေရန် ထည့်သွင်းတည်ဆောက်ထားသော ရေအား အဆောက်အအုံဖြစ်သည်”** ဟူသော ရေးသားချက်ကို ပြန်လည်မျှဝေချင်ပါသည်။ တစ်နည်းအားဖြင့် လိုအပ်သည်ထက် ပိုလျှံသော ရေပိုများ ကျော်ကျစီးဆင်းရန်အတွက် အထူးဒီဇိုင်းပြုတည်ဆောက်ထားရသော ရေအားအဆောက်အအုံ ဖြစ်ပါသည်။ ထို့ကြောင့် ရေပိုလွှဲမှ ရေကျော်ကျနေခြင်းသည် ရေပိုလွှဲ၏ မဖြစ်မနေထမ်းဆောင်ရမည့် မူလတာဝန်သာဖြစ်ပြီး ထူးကဲစွာ စိုးရိမ်ရန်မလိုအပ်သော ဖြစ်စဉ်တစ်ခုသာ ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ရေလှောင်တမံအများစု၏ ရေပိုလွှဲများသည် ကန်ရေပြည့်မှတ် မရောက်ရှိမီတွင် ဖွင့်ချနိုင်သော ရေတံခါးများ တပ်ဆင်ထားခြင်းမရှိဘဲ ကန်ရေပြည့်မှတ်အထိ ရေအပြည့်သိုလှောင်၍ ထို့ထက်များပြားလာမှသာ သဘာဝအတိုင်း ကျော်ကျစီးဆင်းသွားစေရန် ဒီဇိုင်းရေးဆွဲထားကြခြင်းဖြစ်ပါသည်။ အနည်းစုရေပိုလွှဲများရှိ ရေပိုမိုလှောင်နိုင်ရန် တပ်ဆင်ထားသည့် ဂိတ်တံခါးများအားလည်း စီးဝင်ရေအားချင့်ချိန်၍ စနစ်တကျ တွက်ချက် ဖွင့်ပိတ်နိုင်ရန် သတ်မှတ်လုပ်ထုံးလုပ်နည်းများ ရေးဆွဲစီမံဆောင်ရွက်ထားပြီးသည်နှင့်အညီ ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ချောင်းအထက်ပိုင်းတွင် မိုးများ၍ ရေပိုလွှဲမှ ရေကျော်ကျနေခြင်းသည် ဖောက်ချဖန်တီးနိုင်သော (သို့မဟုတ်) တားဆီးပိတ်ပင်နိုင်သော ဖြစ်စဉ်မျိုးမဟုတ်ဘဲ ရေပိုလွှဲ၏သဘာဝဖြစ်စဉ်တစ်ခုသာဖြစ်ပါသည်။ ရေလှောင်တမံ/ ရေပိုလွှဲများသာ မရှိပါက ရေစီးဆင်းမှုသည် ပမာဏများစွာ ပိုမိုပြင်းထန်မည်ဖြစ်ပါသည်။

## ရေပိုလွှဲမှ ရေကျော်ခြင်း၏ အကျိုးများ

ရေများ ရေတံခွန်ကဲ့သို့ ကျော်ကျဖြာထွက်စီးဆင်းနေသော ရေပိုလွှဲတစ်ခု၏ အလှအပသည် ရေလှောင်တမံတစ်ခု၏ အပေါ်လွင်ဆုံး၊ စိတ်ဝင်စားဖွယ် အကောင်းဆုံးအစိတ်အပိုင်းတစ်ခု ဖြစ်ဖွယ်ရှိပါသည်။ ရေပိုလွှဲသည် တမံကိုယ်ထည်ခိုင်ခံ့မှုအတွက် များစွာအရေးကြီးသော အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။ ရေပိုလွှဲမှ လုံလောက်သော ရေကျော်ကျစီးဆင်းမှုမရှိပါက သိုလှောင်ပမာဏထက် ကျော်လွန်လာသောရေများသည် တမံထိပ်မှ ကျော်ကျခြင်း (Overtopping) အား ဖြစ်စေနိုင်ပြီး တမံကိုယ်ထည်ကြံ့ခိုင်မှုအား ထိခိုက်စေမည်ဖြစ်ပါသည်။

ရေပိုလွှဲမှ ရေကျော်ကျခြင်းသည် အောက်ဘက် မြစ်ချောင်းများ၏ သဘာဝအတိုင်း ရေစီးဆင်းမှုကို ဖြစ်ပေါ်စေသောကြောင့် ထိုမြစ်ချောင်းတို့၏ မူလသွင်ပြင်ပုံစံနှင့် ရေစီးဆင်းမှုအခြေအနေကို များစွာအထောက်အပံ့ပေးပါသည်။ မြစ်ချောင်းများ၏ သက်စောင့်ရေ (Enviromental Flow) ကိုလည်း ဖန်တီးပေးပါသည်။ သက်စောင့်ရေဆိုသည်မှာ မြစ်ချောင်းများအတွင်းနှင့် မြစ်ချောင်းများအနီးရှိ သစ်ပင်ပန်းမန်နှင့် ရေနေသတ္တဝါတို့၏ သဘာဝရှင်သန်နေထိုင်မှုဖြစ်စဉ်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံသဘာဝရေစီးဆင်းမှု ဖြစ်ပါသည်။

အခြားအကျိုးကျေးဇူးတစ်ခုမှာ ရေလှောင်တမံအထက်ပိုင်းမှ ရေနေသတ္တဝါများသည် ရေပိုလွှဲမှ ရေကျော်ကျစီးဆင်းခြင်းနှင့်အတူ ရေလှောင်တမံအောက်ဘက်မြစ်ချောင်းများအတွင်းသို့ လွတ်လပ်စွာ ပျံ့နှံ့ရောက်ရှိ နေထိုင်ကြီးပြင်း နိုင်ကြခြင်းဖြစ်ပါသည်။ ငါးကဲ့သို့သော ရေနေသတ္တဝါများသည် တမံကိုယ်ထည်အောက်ခြေ ရေထုတ်ပြွန်မှဖြတ်သန်းနိုင်သည်ဆိုသော်လည်း တွေ့ရှိချက်များအရ တမံအောက်ခြေရေထု၏ အပူချိန်လျော့ကျမှုနှင့် အောက်ဆီဂျင်နည်းပါးစွာပါဝင်မှုကြောင့် ရေပိုလွှဲမှ စီးဆင်းရေနှင့်အတူသာ ပိုမိုရွှေ့ပြောင်းသွားလာကြကြောင်း သိရှိရပါသည်။

## ရေပိုလွှဲများ၏ ခိုင်ခံ့မှုအခြေအနေ

မြန်မာ့ဆည်တာတမံ တည်ဆောက်မှုသမိုင်းသည် ရှေးမြန်မာမင်းများလက်ထက် လယ်တွင်းကိုးခရိုင်မှ အစပြု၍ ကိုလိုနီခေတ်ကို ဖြတ်ကျော်ကာ ယခုလက်ရှိကာလအထိ ရှည်လျားတည်တံ့ခဲ့ပါသည်။ ရေအားအဆောက်အအုံများ တည်ဆောက်မှုနှင့် ရေအသုံးချမှု နည်းပညာများတွင်လည်း တိုးတက်ဖွံ့ဖြိုးစေရန် အစဉ်အားထုတ် ဆောင်ရွက်လျက်ရှိပါသည်။ ရှေးနှစ်များစွာကပင်စ၍ ပဲခူး-စစ်တောင်းတူးမြောင်း၊ တွံတေးတူးမြောင်းကဲ့သို့ ရေအသုံးချသွားလာမှု လမ်းကြောင်းသစ်များ၊ မိုးဖြဲ၊ မြစ်ကျိုးနှင့် တာဝကဲ့သို့သော လှေဝင်လှေထွက်လမ်းကြောင်း (Navigation Locks) များ၊ များစွာသော ရေလှောင်တမံများအား တည်ဆောက်ထိန်းသိမ်း အသုံးပြုလျက်ရှိပါသည်။ ရေလှောင်တမံနှင့် ရေပိုလွှဲများတည်ဆောက်ရာတွင် စနစ်တကျ စူးစမ်းလေ့လာမှုများ ဆောင်ရွက်၍ ကျွမ်းကျင်နည်းပညာရှင်များနှင့် တွက်ချက်ဆောင်ရွက်လျက်ရှိပါသည်။

ရေလှောင်တမံနှင့် ရေပိုလွှဲများ တည်ဆောက်ရာတွင် ထိုဒေသ၏ မိုးလေဝသနှင့် ရာသီဥတုအခြေအနေ၊ ရေကြီးမှုသမိုင်းပေါ် မူတည်၍ ဇလဗေဒပညာရှင်များ တွက်ချက်ရရှိသော ဒီဇိုင်းရေထုစီးနှုန်းအချက်အလက်များ၊ အောက်ခံမြေအမျိုးအစားများ၊ ငလျင်ပြင်းအား စသည့်အချက်အလက်များကို စုစည်း၍ ခေတ်မီနည်းပညာဆော့ဖ်ဝဲများ အသုံးပြုတွက်ချက် တည်ဆောက်ထားကြပါသည်။

## ရေပိုလွှဲမှ ရေကျော်ခြင်းကို သတိပေးမှုများ

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေပိုလွှဲမှ ရေစတင်ကျော်သည်နှင့် အလံအစိမ်းရောင်၊ ဒီဇိုင်းရေထုစီးနှုန်းအထိ ရေကျော်ပါက အလံအဝါရောင်၊ ဒီဇိုင်းရေထုစီးနှုန်းအထက် ရေကျော်ပါက အလံအနီရောင် စသည်ဖြင့် ရေပိုလွှဲထိပ်နှင့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် အလံစိုက်ထူ၍ အများပြည်သူများအား သိရှိရန် အသိပေးလေ့ရှိပါသည်။ ဤသို့ အလံများစိုက်ထူရာတွင် ရေပိုလွှဲမှ ဒီဇိုင်းရေထုစီးနှုန်းအထက်အထိ ရေကျော်ကျလာခြင်းသည်သာ စောင့်ကြည့်ရမည့် စိုးရိမ်သင့်သော အခြေအနေဖြစ်ပြီး ကျန်အခြေအနေများတွင် ရေပိုလွှဲမှ ရေကျော်ကျခြင်းသည် များစွာ စိုးရိမ်ဖွယ်အခြေအနေ မဟုတ်ပါ။

*စာမျက်နှာ ၁၃ သို့*

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈) နှစ်မြောက် နှစ်ပတ်လည်နေ့အကြို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မကွေး အောက်တိုဘာ ၁၇**

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၁၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးမြို့ သမိုင်းဝင်မြသလွန်စေတီတော်မြတ်ကြီး၌ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပို့လွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပို့လွှဲမှဆည်ရေများလျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျ နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေ ဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှု ရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက် ဆောင်ရွက်ပေးကြသည်။



ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပို့လွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ (ယနေ့) အောက်တိုဘာ ၁၇ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၀၅ ဒသမ ၄၅ ပေသာ ကျန်ရှိတော့သဖြင့် ၉ ဒသမ ၅၅ ပေခန့် လျှော့နည်းသွားကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် "Swe Swe Thi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက်နေ လေးနွယ်အား ညနေ ၄ နာရီ မိနစ် ၂၀ တွင် သင်္ဃန်းကျွန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ထပ်မံဖြိုချဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက် ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးနိုင်ခဲ့ပြီး ထပ်မံ၍ ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၈၀ ရာခိုင်နှုန်း ပြီးစီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ၅ ထပ် အဆောက်အအုံ ၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးနိုင်ခဲ့သဖြင့် ဖျက်ဆီးရန်ကျန် အဆောက်အအုံ ၅၈ လုံး ကျန်ရှိကာ ၎င်းတို့အားလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရန်အတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

*စာမျက်နှာ ၁၂ မှ*

ဒီဇိုင်းရေထုစီးနှုန်းအထက်အထိ ရေကျော်ကျလာသည့်အခြေအနေတွင်မူ မိမိဒေသ၏ လက်တွေ့ဖြစ်ပေါ်နေသော ရေဘေးအန္တရာယ်နှင့် လိုက်လျောညီထွေသည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ အချိန်မီဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ အချို့ရေလှောင်တမံများ၌ ထူးကဲမိုးများ ရွာသွန်းသောကြောင့် ဒီဇိုင်းရေထုစီးနှုန်းထက် ရေများစွာ ကျော်ကျခဲ့သောဖြစ်စဉ်များတွင်မူ ရေပို့လွှဲများသည် ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ပါသည်။

ထို့ကြောင့် အချုပ်အားဖြင့် **ရေပို့လွှဲဟူသည်မှာ ရေများကျော်ကျရန် တကူးတက ဒီဇိုင်းရေးဆွဲတည်ဆောက်ထားရသည့် ရေအားအဆောက်အအုံဖြစ်၍ ရေပို့လွှဲမှ ရေကျော်ကျခြင်းသည် ယင်း၏ မူလတာဝန်အား ရိုးစင်းစွာ ထမ်းဆောင်နေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ရေတံခွန်ကဲ့သို့ ရေများ ဖြာကျစီးဆင်းနေသော ရေပို့လွှဲများ တွေ့ရှိပါက စိုးရိမ်စရာအခြေအနေဟု မယူဆသင့်ပါကြောင်း၊ ရေကျော်ကျနေသော ရေပို့လွှဲများသည် ရေလှောင် တမံခိုင်ခံ့မှုနှင့် သဘာဝပတ်ဝန်းကျင်အတွက် သွယ်ဝိုက်အကျိုးပြုလျက်ရှိနေပါကြောင်းနှင့် ရေပို့လွှဲများသည် တောင်ဖျားဆီမှ မိုးညို့ညို့အား တတ်စွမ်းသမျှ အန်တုခုခံလျက်ရှိပါကြောင်း သိရှိသမျှ မျှဝေရေးသားအပ်ပါသည်။** ။

ကိုးကား–

ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် ဆရာဘုန်းတင်လှိုင် ရေးသားသော "ရေပို့လွှဲ ဆိုသည်မှာ..." ဆောင်းပါး

# တက်စလာကုမ္ပဏီက ပျံသန်းနိုင်သည့်ကားကို စတင်မိတ်ဆက်



အချို့က ယင်းကားကို မိတ်ဆက်ပြသမည့် အစီအစဉ်မှာ အကြိမ်ကြိမ်ရွှေ့ဆိုင်းခဲ့ရ ကြောင်း ထောက်ပြကြသည်။ အင်န်အိတ်ချ်ကေ

နယူးယောက် အောက်တိုဘာ ၁၇

အမေရိကန် လျှပ်စစ်ကားထုတ်လုပ်ရေး ကုမ္ပဏီတက်စလာသည် တွန်းကန်အားစက်များ တပ်ဆင်ထားသော ပျံသန်းနိုင်သည့် ကားသစ်ကို ပရိသတ်များရှေ့တွင် စတင်မိတ်ဆက်ပြသခဲ့သည်။ ကုမ္ပဏီဆွဲအားကို ဆန့်ကျင်က ပျံသန်းနိုင်သည့် ကားကို အနီးကပ်ကြည့်ရှုနိုင်ရန် ပြသခြင်းဖြစ်သည်။ တက္ကဆက်ပြည်နယ်ရှိ စမ်းသပ်ရေးစက်ရုံတွင် ပျံသန်းနိုင်သည့် ကားစတင်မိတ်ဆက်ပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ပြုလုပ်ခဲ့သည်။

မယုံကြည်နိုင်သည့် အရာကို ပြသတော့မည်ဖြစ်ကြောင်းနှင့် အေအိုင် (AI) မဟုတ်ကြောင်း သက်သေပြရန်အတွက် ပရိသတ်များလိုအပ်ကြောင်း စီအီးအို အီလွန်မက်စ်က ပရိသတ်များကို ပြောသည်။

ထို့နောက် ကားသည် ဒေါင်လိုက်နီးပါး မတ်စောက်သော လမ်းစောင်းပေါ်သို့ မောင်းတက်သွားပြီး လေထဲတွင် တစ်ပတ်လှန်က ထိန်းချုပ်မှုရှိဖြင့် ပြန်လည်ဆင်းသက်ခဲ့သည်။ လုံခြုံရေးအကြောင်း ပြချက်ကြောင့် ကားပေါ်တွင် ယာဉ်မောင်းမပါကြောင်း မက်စ်က ပြောကြားခဲ့သည်။

အဆိုပါကားသည် အီလွန်မက်စ်၏ ဒုံးပျံကုမ္ပဏီ SpaceX မှ နည်းပညာများကို အသုံးပြုထားခြင်းဖြစ်သည်။ ယင်းကားအမျိုးအစားကို ၂၀၂၈ ခုနှစ်တွင် စတင်ထုတ်လုပ်မည်ဟု မက်စ်က ပြောသည်။ သို့သော် အနောက်နိုင်ငံများမှ မီဒီယာ

# အီဂျစ်က ဆော်ဒီအာရေဗျကို အကူအညီပေးရန် အဆင်သင့်ရှိကြောင်း သမ္မတ အယ်လ်စီစီ ပြောကြား

ကိုင်ရို အောက်တိုဘာ ၁၇

အီဂျစ်သမ္မတ အက်ဒဲလ်ဖာတာအယ်လ်စီစီသည် အီဂျစ်နိုင်ငံအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာကို အကာအကွယ်ပေးရန်အတွက် ဆော်ဒီအာရေဗျဘက်မှ တောင်းဆိုလာသော မည်သည့်အကူအညီမျိုးကိုမဆို ပေးအပ်ရန်အဆင်သင့်ရှိသည်ဟု အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားခဲ့ကြောင်း နိုင်ငံပိုင် Nile TV ၌ ဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံကို အကာအကွယ်ပေးရန် လိုအပ်သည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အုပ်ချုပ်ရေး မြို့တော်သစ်ရှိ အီဂျစ်စစ်ဘက်ဆိုင်ရာ အကယ်ဒမီ၌ပြုလုပ်ပြီး ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် သင်တန်းဆင်းပွဲအခမ်းအနားတစ်ခုတွင် ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့ ဆောင်ရွက်ရန်မှာ လွှတ်တော်၏ အတည်ပြုချက်ရယူရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယီမင်နိုင်ငံရှိ လက်နက်ကိုင်အဖွဲ့နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ပဋိပက္ခများမြင့်တက်လာချိန်တွင် သမ္မတ အယ်လ်စီစီ၏ အဆိုပါမှတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဆင်ဟွာ



# သီရိလင်္ကာ၌ ဓာတ်အားလိုင်းကွန်ရက်စနစ် ချွတ်ယွင်းမှုကြောင့် နိုင်ငံတစ်ဝန်း ဓာတ်အားပြတ်တောက်

ကိုလံဘို အောက်တိုဘာ ၁၇

သီရိလင်္ကာနိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသည့်ကွန်ရက်မတည်ငြိမ်သဖြင့် စနစ်တစ်ခုလုံး ပြတ်တောက်ခြင်းကြောင့် အောက်တိုဘာ ၁၇ ရက်တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့ကြောင်း အမျိုးသားအဆင့် ဓာတ်အားစနစ်အော်ပရေတာ (NSO) က ပြောကြားသည်။

နိုင်ငံတစ်ဝန်း ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်ဝန်းကျင်တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့ပြီး ဓာတ်အားပြန်လည်ရရှိရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း NSO က ဆက်လက်ပြောကြားသည်။ ၎င်းတို့၏ နည်းပညာဆိုင်ရာအဖွဲ့များသည် လျှပ်စစ်ဓာတ်အား ပြန်လည်ပေးဝေနိုင်ရန်နှင့် အဆိုပါစနစ်ကို အမြန်ဆုံး ပုံမှန်လည်ပတ်နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း NSO က ပြောကြားသည်။ ဆင်ဟွာ

# နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန် သဘောတူညီချက် ၆ ရပ် ကမ္ဘောဒီးယားနှင့် ကာဇက်စတန် လက်မှတ်ရေးထိုး

ဖနောင်ပင် အောက်တိုဘာ ၁၇

ကမ္ဘောဒီးယားနှင့် ကာဇက်စတန်နိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ရန် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၆ ရပ်ကို အောက်တိုဘာ ၁၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ပြောသည်။

လူမှုကွန်ရက်တွင် တင်ထားသော ပို့စ်တစ်ခု၌ ဟွန်မာနက်က အက်စတာနာမြို့သို့ တရားဝင်ခရီးစဉ် ရောက်ရှိနေစဉ်အတွင်း ကာဇက်စတန်သမ္မတ ကာဆင်ဂျိုမာ့ဒ်တိုကာယက်ဗ်နှင့် နှစ်နိုင်ငံဆွေးနွေးမှုများပြုလုပ်ပြီးနောက် သဘောတူညီချက်စာချုပ်များ လဲလှယ်မှုကို အသိသက်သေအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားသည်။

လက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်များတွင် ဥာဏ်ရည်တုနည်းပညာနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှု၊ ဒီဂျစ်တယ်အစိုးရ၊ ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ နှစ်နိုင်ငံမြို့တော်များအကြား မြို့ပြဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုများပါဝင်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်က ပြောသည်။ ကာဇက်စတန်နိုင်ငံသည် အာဆီယံဂျင်၊ တူရကီယံနိုင်ငံတို့အပါအဝင် ဟွန်မာနက်၏ သုံးနိုင်ငံခရီးစဉ်တွင် နောက်ဆုံးခရီးစဉ်ဖြစ်သည်။ ဆင်ဟွာ

# ကင်ညာ၌ တတိယမြောက် အီဘိုလာရောဂါကူးစက်ခံရမှုဖြစ်ပွား

နိုင်ရိုဘီ အောက်တိုဘာ ၁၇

ကင်ညာနိုင်ငံတွင် တတိယမြောက် အီဘိုလာဘွန်ဒီဘူဂျိုဗိုင်းရပ်စ်ကူးစက်ခံရမှုဖြစ်ပွားကြောင်း အောက်တိုဘာ ၁၆ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုထုတ်ပြန်ခဲ့သည်။

လူနာသည် အသက် ၆၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး ပထမနှင့် ဒုတိယမြောက် ရောဂါကူးစက်ခံရသူများ၏ ဆွေမျိုးနီးစပ်သူဖြစ်ကြောင်းနှင့် တိုက်ရိုက်ထိတွေ့သူအဖြစ် ဖော်ထုတ်နိုင်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

အဆိုပါလူနာကို အောက်တိုဘာ ၆ ရက်ကတည်းက သီးသန့်ခွဲခြားစောင့်ကြည့်မှုပြုလုပ်လျက်ရှိပြီး ဖျားခြင်း၊ လည်ချောင်းနာခြင်းနှင့် မအီမသာဖြစ်ခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း မြို့တော်နိုင်ရိုဘီတွင် ထုတ်ပြန်သည့် ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ ဆင်ဟွာ

# ကာလီမန်တန်တောမီးလောင်မှုမှ မီးခိုးငွေ့များ ဂျကာတာမြို့အထိ ပျံ့နှံ့

ဂျကာတာ အောက်တိုဘာ ၁၇

ကာလီမန်တန်ဒေသ တောမီးလောင်မှုနှင့် မြေယာမီးလောင်မှုများမှ ထွက်ရှိလာသည့် မီးခိုးငွေ့များ ဂျကာတာမြို့အထိ ရောက်ရှိပျံ့နှံ့လာသည့်



အတွက် ဒေသခံများ အပြင်ထွက်သွားလာလှုပ်ရှားမှုများကို လျှော့ချရန် အင်ဒိုနီးရှားမိုးလေဝသအေဂျင်စီက တိုက်တွန်းထားသည်ဟု အရာရှိတစ်ဦးက အောက်တိုဘာ ၁၆ ရက်တွင် ပြောသည်။

ဂြိုဟ်တုပုံရိပ်များတွင် မီးခိုးငွေ့များသည် ကာလီမန်တန်နှင့် ဆုမားတြားတို့တွင်ပျံ့နှံ့ကာ ဘန်တန်၊ အနောက်ဂျာဗားနှင့် ဂျကာတာတို့အထိ ရောက်ရှိနေကြောင်း အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ ဂတ်စ်ဝန်တိုက ပြောသည်။

သို့သော် မီးခိုးများကြောင့် မြေပြင်အနီးရှိ လေထုအရည်အသွေးထိခိုက်မှုရှိ မရှိကို ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဒေသခံများအနေဖြင့် အပြင်ထွက်ကာ လေ့ကျင့်ခန်းလုပ်ခြင်းများ ရှောင်ရှားရန်နှင့် အပြင်ထွက်သည့်အခါတိုင်း ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ကြရန် ဂတ်စ်ဝန်တိုက အကြံပြုထားသည်။

ထို့ပြင် ကျန်းမာရေးအတွက် အမှုန်တကယ်အန္တရာယ် ရှိ မရှိဆိုသည်မှာ ဂြိုဟ်တုဓာတ်ပုံများကိုသာ ကြည့်ရှုဆုံးဖြတ်၍ မရဘဲ လေထုအရည်အသွေး တိုင်းတာရရှိသည့် ရလဒ်များအပေါ် မူတည်ကြောင်းလည်း ၎င်းက ထောက်ပြခဲ့သည်။ ဆင်ဟွာ

# သီတင်းတစ်ပတ်အတွင်း အာဖဂန်ဒုက္ခသည် ၄၅၀၀ ကျော် နေရပ်ပြန်

ကဘူးလ် အောက်တိုဘာ ၁၇

ပြီးခဲ့သည့် သီတင်းပတ်တစ်ပတ်အတွင်း အာဖဂန်ဒုက္ခသည်မိသားစုစုစုပေါင်း ၉၈၇ စုမှ လူပေါင်း ၄၅၂၈ ဦးမှာ အိမ်နီးချင်း အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့မှ အာဖဂန်နစ္စတန်နိုင်ငံရှိ မိမိတို့မွေးရပ်ဌာနေသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း အာဖဂန်အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားသည်။

နေရပ်ပြန်လာကြသည့် မိသားစုအားလုံးမှာ အစားအစာ၊ သောက်သုံးရေ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများနှင့် ၎င်းတို့သွားမည့်နေရာအထိ အခမဲ့သယ်ယူပို့ဆောင်ပေးခြင်းတို့အပါအဝင် အရေးပေါ်အကူအညီများ ချက်ချင်းရရှိခဲ့ကြောင်း ဟမ်ဒူလာဖတ်ထရတ်က ၎င်း၏လူမှုကွန်ရက်အကောင့် X တွင် ဖော်ပြထားသည်။ ဆင်ဟွာ

# အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် ဆေးဝါးစက်ရုံ ပေါက်ကွဲမှုကြောင့် ငါးဦးသေဆုံး

နယူးဒေလီ အောက်တိုဘာ ၁၇

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် ဆေးဝါးစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးထက်မနည်း သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက အောက်တိုဘာ ၁၇ ရက်တွင် ပြောသည်။

ဂူဂျာရတ်ပြည်နယ် ဘာရူးချ်ခရိုင်ရှိ ဆာရာခါဂူဂျာရတ်စက်မှုဖွံ့ဖြိုးရေးကော်ပိုရေးရှင်း (GIDC) စက်မှုဇုန်အတွင်းရှိ စက်ရုံတစ်ရုံ၌ အောက်တိုဘာ ၁၆ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ချက်ချင်းပို့ဆောင်ပေးခဲ့သည်ဟု ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ဒေသဆိုင်ရာ အစိုးရအရာရှိတစ်ဦးက ပြောသည်။

ပေါက်ကွဲမှုကြောင့် မီးလင်းဒိုင်ကလိုရိုက် ဓာတ်ငွေ့လည်း ယိုစိမ့်ထွက်လာခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ အပန်းဖြေစခန်း၌ မီးလောင်မှုကြောင့် ခြောက်ဦးသေဆုံး

ဒါကာ အောက်တိုဘာ ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၏ အရှေ့တောင်ဘက် ၄၀၀ ကီလိုမီတာခန့်အကွာ ကော့ခ်ဘာဇာခရိုင်ရှိ အပန်းဖြေစခန်းတစ်ခု၌ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၂၅ မိနစ်တွင် ပြင်းထန်သည့်မီးလောင်မှုဖြစ်ပွားသဖြင့် ခြောက်ဦးသေဆုံးကြောင်း တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြောကြားသည်။

မီးငြိမ်းသတ်ပြီးနောက် သေဆုံးသူခြောက်ဦးကို ပြန်လည်တွေ့ရှိခဲ့ကြောင်း ဒါကာမြို့ရှိ မီးသတ်လုပ်ငန်းနှင့် အရပ်ဘက်ကာကွယ်ရေးဌာနချုပ်မှ တာဝန်ရှိသူ တာဟာဘင်ဇာဆင်က ပြောကြားသည်။ အဆိုပါ အပန်းဖြေစခန်းမှာ သစ်သားများဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး သုံးထပ်စလုံး မီးလောင်ပျက်စီးသွားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဆင်ဟွာ

# မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့အမည်သုံး၍ အွန်လိုင်းတွင် လိမ်လည်အလှူခံနေသည့် အကောင့်တုများအား အီလက်ထရောနစ်ဥပဒေဖြင့် အမှုဖွင့်

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ဘုရားကြီး၏အမည်နှင့် ဂေါပကအဖွဲ့အမည်




အား အလွဲသုံးစားပြု၍ လူမှုကွန်ရက်ပေါ်တွင် အလှူငွေများ လိမ်လည်တောင်းခံနေသည့် အကောင့်တုများအား ချမ်းမြသာစည်မြို့နယ် အမှတ် (၁၀) ရဲစခန်းတွင် အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူထားကြောင်း သိရသည်။

မဟာမုနိ ရုပ်ရှင်တော်မြတ်ဘုရားကြီးအား ရွှေစင်ရွှေပြားများ လှူဒါန်းခြင်း၊ ညရုံ့ခြုံထည်သင်္ကန်းအလှူခံခြင်းအပါအဝင် လှူဒါန်းမှုများအတွက် ဂေါပကအဖွဲ့အနေဖြင့် မဟာမုနိဂေါပကအဖွဲ့ Facebook Page၊ Live24/ 7Maha-muniBuddha Mandalay YouTube Channel၊ Viber နှင့် TikTok တို့တွင် MahamuniPagoda Trustees (၀၉-၇၅၅၀၀၀၁၆) စသည့် တရားဝင်လူမှုကွန်ရက်များ ဖွင့်လှစ်ထားရှိပြီး အလှူရှင်များကလည်း လှူဒါန်းလျက်ရှိကြသည်။

ယခုအခါ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့အမည်အား အသုံးပြု၍ TikTok အကောင့်တုဖြစ်သည့် mahamunibuddha11 နှင့် Maha-muniPagoda Trustees တာဝန်ခံ K-Pay (၀၉-၆၈၃၈၅၆၃) (Ei Ei Phyoe) အမည်တို့ဖြင့် အလှူငွေများ လှူဒါန်းနိုင်ကြောင်း လူမှုကွန်ရက်တွင် လိမ်လည်ကြေညာ၍ အလှူခံမှုများ ပြုလုပ်နေသည်ကို တွေ့ရှိခဲ့ရာ ယင်းအကောင့်နှစ်ခုမှာ ဘုရားကြီးဂေါပကအဖွဲ့အမည်အား အလွဲသုံးစားပြု၍ ကောက်ခံခြင်းဖြစ်ကြောင်း အသိပေးထားသည်။

အဆိုပါ မသမာသူများ၏ K-Pay အကောင့်အား သက်ဆိုင်ရာဘဏ်သို့ အကြောင်းကြားကာ ပိတ်သိမ်းရေး ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် ပတ်သက်၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၀)ရဲစခန်းတွင် အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေအရ အမှုဖွင့်လှစ်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဇော်မင်း(ပြန်/ဆက်)**



# မိုးကုတ်မြို့၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေပြတ်လပ်မှုမရှိစေရေးနှင့် အပူရှောင်စခန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု ကွင်းဆင်းစစ်ဆေး

**မိုးကုတ် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေပြတ်လပ်မှုမရှိစေရေးနှင့် အပူရှိန်ကြောင့် ထိခိုက်မှုလျော့ပါးသက်သာစေရေးအတွက် အပူရှောင်စခန်းများဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးပါပါလွင်နှင့် တာဝန်ရှိသူများက ယနေ့ နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ မိုးကုတ်မြို့ မြို့မရပ်ကွက် စစ်တန်းရပ်ရှိ မြို့ရေပေးဝေရေး ရေစုကန်များ စနစ်တကျရှိစေရေး၊ အပူရှောင်စခန်းခုနစ်ခုရှိသည့်အနက် မြို့မရပ်ကွက် ထင်းရှူးခြံရပ်ရှိ မင်္ဂလာတိုက်ရိပ်သာ၊ ရှောလိဝိုင်းရပ်ကွက် အောင်ချမ်းသာရပ်ရှိ မဟာမုနိဘုရားဓမ္မာရုံနှင့် လယ်ဦးရပ်ကွက် ရွှံ့ပန်းရပ်ရှိ စံတော်ဝင်ရိပ်သာတို့တွင် အပူရှောင်စခန်းဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချမ်းမြသာစည်မြို့နယ်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲကို ယမန်နေ့က မြို့သစ် ၃ ရပ်ကွက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသား ၁၅ ဦးအား ရပ်ကွက်အုပ်ချုပ်ရေးမှူး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အလင်းသစ်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လမ်း ၈၀၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ မန္တလေးနန်းမြို့ရိုးကျုံးနှင့် ချိတ်ဆက်ထားသည့် Pump House အား တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများ အောက်တိုဘာ ၁၇ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ မောင်ကျော်ကြီး



○ *ကျောဖုံးမှ*

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသားလုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်မျှော်လျက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးကူညီမည့် အစီအစဉ်များကို Power Point Presentation များ၊ ရုပ်ပုံကားချပ်များ၊ 3D Model များဖြင့် တာဝန်ရှိသူများက ရှင်းလင်း၍ ချပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလပထမပတ်တွင် နေပြည်တော်၌ ကျင်းပမည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ချပြဆွေးနွေးပွဲသို့ နိုင်ငံသားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ၃၀-၁၀-၂၀၂၆ ရက်နေ့(၁၆:၃၀)နာရီနောက်ဆုံးထား၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်-

ဆက်သွယ်ရန်- ဦးမင်းသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
၀၉ ၄၄၄ ၅၈၈ ၈၈၈၊
Email: messenger@e-moee.gov.mm

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

◆ *ကျောဖုံးမှ*

ယနေ့ပွဲစဉ်သည် ပြည်တွင်း၊ ပြည်ပ ကစားသမားများဖြင့် စုစည်းမှုကောင်းမွန်သည့် ချင်းလန်းအသင်းနှင့် ရန်ကုန်ဒါဘီပွဲစဉ်တွင် အနိုင်ရရှိထားသည့် ရန်ကုန်စီးတီးအသင်းတို့ တွေ့ဆုံခြင်းဖြစ်ပြီး ပွဲစသည်နှင့် နှစ်သင်းစလုံး အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ ပွဲချိန် ၁၉ မိနစ်တွင် ဝင်းနိုင်ထွန်းက ရန်ကုန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုး စတင်သွင်းယူပေးခဲ့သော်လည်း ပထမပိုင်း နာကျင်အချိန်ပို ၄၅+၄ မိနစ်တွင် ချင်းလန်းအသင်းမှ Van Hming Chuang က ချေပဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၈၂ မိနစ်တွင် ရန်ကုန်စီးတီးအသင်း ပယ်နယ်တီကန်ခွင့်ရရှိခဲ့ပြီး တိုက်စစ်မှူး ဝင်းနိုင်ထွန်းက ပယ်နယ်တီမှ တစ်ဆင့် အနိုင်ဂိုးသွင်းယူပေးခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ချင်းလန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ AYA Pay Player of the Match ဆုကို ရန်ကုန်စီးတီးအသင်းခေါင်းဆောင် ဝင်းနိုင်ထွန်းက ရရှိခဲ့သည်။

အပတ်စဉ်(၄) တတိယနေ့ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၈ ရက်တွင် ဟံသာဝတီယူနိုက်တက်နှင့် ရတနာပုံ(ပဲခူးကွင်း)၊ စစ်ကိုင်းယူနိုက်တက်နှင့် ဒဂုံစတားယူနိုက်တက်အသင်း (စတားစီးတီးကွင်း)တို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-ML**

❏ *ကျောဖုံးမှ*

M League II ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ယခုပွဲစဉ်တွင် ရခိုင်ယူနိုက်တက်အသင်းကို ယှဉ်ပြိုင်ကစားနိုင်ခဲ့သော်လည်း ပွဲပြီးဆုံးချိန်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယခုပွဲစဉ်တွင် ရခိုင်ယူနိုက်တက်အသင်းမှ ခန့်သူလင်းက အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့သောကြောင့် AYA Pay Player of the Match ဆုကို ဆွတ်ခူးရရှိသွားခဲ့သည်။

အပတ်စဉ်(၁) ပြိုင်ပွဲများအပြီးတွင် ရာမညယူနိုက်တက်၊ တက္ကသိုလ်အသင်း၊ VUE နေပြည်တော်အသင်း၊ ရှိုင်ရယ်ဒဂုံနှင့် ရခိုင်ယူနိုက်တက်အသင်းတို့က ရမှတ် သုံးမှတ်စီရရှိထားပြီး Asia Lion အသင်း၊ Elite Kings အသင်း၊ မနောအသင်း၊ Enjoy Brother အသင်းနှင့် Junior Lions အသင်းတို့က ရမှတ်မရရှိသေးပေ။

**နေမျိုး၊ ဓာတ်ပုံ-MLII**

❈ *ကျောဖုံးမှ*

ယမန်နှစ် ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သည့် ONE 171 ပြိုင်ပွဲတွင် တရုတ်နိုင်ငံသား ဝေရွှေ့နှင့် ထိုးသတ်ခဲ့ပြီး ပထမဆုံးအကြိမ် ဘန်တန်ဝိတ်တန်းကစ်ဘောက်ဆင်ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။ ထို့ပြင် ဂျပန်နိုင်ငံ၌ ယခုနှစ် ဧပြီ ၂၉ ရက်က ကျင်းပခဲ့သည့် ONE SAMURAI 1 ပြိုင်ပွဲတွင် ဂျပန်နိုင်ငံသား ယူကီယိုဇာနှင့် ထိုးသတ်ခဲ့ပြီး ဘန်တန်ဝိတ်တန်းကစ်ဘောက်ဆင် ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဒုတိယအကြိမ်မြောက် ကာကွယ်နိုင်ခဲ့သည်။

ဒု-ခေါင်ပွဲမှ ဂျပန်နိုင်ငံသား နာဒါကာနှင့် မလေးရှားနိုင်ငံသား ရစ်ဖ်ဒိန်း မာဇ်ဒွေါတို့၏ အက်တန်ဝိတ်တန်း မွေထိုင်းကမ္ဘာ့ချန်ပီယံခါးပတ်လုပွဲတွင် နာဒါကာက ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် နိုင်ပွဲရရှိကာ ချန်ပီယံခါးပတ်ကို အောင်မြင်စွာကာကွယ်နိုင်ခဲ့သည်။ **အောင်ဇော်**

❖ *ကျောဖုံးမှ*

အမျိုးသမီးအသင်း၊ ကင်ညာအမျိုးသမီး လက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ ၎င်းသည် ကင်ညာကလပ် Vihiga Queens FC၊ တရုတ်ကလပ် Fujian Nan'an FC၊ အိန္ဒိယကလပ် East Bengal FC နှင့် Sesa FA စသည့် ကလပ်အသင်းများတွင် ကစားခဲ့သည့် အတွေ့အကြုံရင့် ကစားသမားတစ်ဦးဖြစ်ပြီး East Bengal အသင်းနှင့်အတူ အိန္ဒိယအမျိုးသမီး ပရီမီယာလိဂ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သလို Fujian Nan'an အသင်းတွင် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရရှိထားသူဖြစ်သည်။

ထို့ပြင် ရတနာပုံအမျိုးသမီးအသင်းသည် တိုက်စစ်ပိုင်းကို အားဖြည့်ရန် ရှမ်းယူနိုက်တက်အသင်းမှ လက်ရွေးစင်တိုက်စစ်မှူး ရူပါခိုင်ကို ခေါ်ယူခဲ့သည်။ ရူပါခိုင်သည် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် ပုံမှန်ပွဲထွက် ကစားခွင့်ရရှိသူတစ်ဦးဖြစ်ပြီး တောင်ပံတိုက်စစ်နှင့် တိုက်စစ်မှူးနေရာများတွင် ကစားနိုင်သူဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-YWFC**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခိုင်နှင်းစိုး၏ မြန်မာ့သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပဈေးကွက်ချိတ်ဆက်ဆောင်ရွက်ရေး စိန်ခေါ်မှုများ စာတမ်းကောက်နုတ်ချက်

**သီဟိုဠ်သရက်အစေ့ (Cashew Nut) သည် သီဟိုဠ်သရက်ပင် Anacardium occidentale ၏ အသီးမှရရှိသော စီးပွားရေးတန်ဖိုးမြင့် သီးနှံထွက်ကုန်ဖြစ်သည်။ သီဟိုဠ် သရက်ပင်သည် အမြဲစိမ်းနှစ်ရှည်ပင်ကြီးမျိုးဖြစ်ပြီး အပူပိုင်းနှင့် အပူပိုင်းခြောက်သွေ့ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။**

> **❝ သီဟိုဠ်သရက်ကို တောင်သူဝင်ငွေ တိုးတက်စေသော သီးနှံအဖြစ်မှ ပြည်တွင်းစက်မှုလုပ်ငန်း ဖွံ့ဖြိုးစေသော ကုန်ကြမ်း၊ ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးသော ပို့ကုန်သီးနှံအဖြစ် ပြောင်းလဲဖော်ဆောင်နိုင်ပါက "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" ဆိုသည့် အမျိုးသားအဆင့် ရည်မှန်းချက်ကို သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍမှ အထောက်အကူပြုနိုင်မည် ❞**

သီဟိုဠ်အဆန်သည်ဆိမ့်ပြီး ထူးခြားသောအရသာရှိသဖြင့် တန်ဖိုးမြှင့်သရေစာအဖြစ် စားသုံးကြသည့်အပြင် ရေခဲမုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ဒံပေါက်နှင့် အခြားစားသောက်ကုန်များတွင်လည်း ထည့်သွင်း၍ တန်ဖိုးထား စားသောက်အသုံးပြုကြသည်။ ထို့ပြင် သီဟိုဠ်စေ့ အခွံဆီ၊ သီဟိုဠ်သီးမှ ဝိုင်၊ အရက်နှင့် အဖျော်ယမကာများ၊ ယိုနှင့် အခြား တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သဖြင့် သီဟိုဠ်သရက်သည် လယ်ယာကဏ္ဍ၏ ထုတ်ကုန်တစ်မျိုးတည်းသာမက စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ချိတ်ဆက်နိုင်သည့် တန်ဖိုးမြှင့်ကွင်းဆက်ရှိသော သီးနှံတစ်မျိုး ဖြစ်သည်။

**မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ**

မြန်မာနိုင်ငံ၏ သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း စိုက်ဧရိယာသည် ဧက ၂၁၀၀၀၀ ခန့်အတွင်းသာ ရှိနေသဖြင့် သိသိသာသာ တိုးချဲ့စိုက်ပျိုးမှုမရှိကြောင်း တွေ့ရပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စိုက်ဧက - ၂၁၆၄၁၁ ဧက၊ အသီးခူးဧက - ၁၅၄၂၇၈ ဧက၊ အထွက်နှုန်း- ၃၃၀ ဒသမ ၄၁ ပိဿာ/ဧက၊ ထုတ်လုပ်မှု - ၅၀၉၇၄၂၄၆ ပိဿာ ထုတ်လုပ်နိုင်ခဲ့ပါသည်။

များမှာ သီဟိုဠ်သရက်စိုက်ပျိုးနိုင်သော မြေဧရိယာများရှိခြင်း၊ တနင်္သာရီ၊ ဧရာဝတီ၊ ပဲခူးနှင့် ရခိုင်တို့တွင် ရှိပြီးသား ထုတ်လုပ်ရေးအခြေခံရှိခြင်း၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ အနီးကပ်ဈေးကွက်များ ရှိခြင်း၊ သီဟိုဠ်အဆန်သည် သိုလှောင်၊ သယ်ယူ၊ ပြုပြင်ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းဖြစ်ခြင်း၊ ပြည်တွင်းစားသုံးမှုဈေးကွက်ရှိခြင်း၊ အဆန်အပြင် သီဟိုဠ်စေ့ အခွံဆီနှင့် သီဟိုဠ်သီး(apple)ကိုပါ တန်ဖိုးမြှင့် အသုံးချနိုင်ခြင်း၊ ကမ္ဘာ့ဈေးကွက်တွင် သီဟိုဠ်စေ့အဆန်နှင့် အခြားထုတ်ကုန်များ၏ ဝယ်လိုအား တိုးလာနိုင်ခြင်းတို့ ဖြစ်သည်။

ထို့ကြောင့်သီဟိုဠ်သရက်ကို ကုန်ကြမ်းထုတ်လုပ်

**မြန်မာနိုင်ငံ၏ နှစ်အလိုက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှု**

| စဉ် | စိုက်နှစ် | စိုက်ဧက | အသီးခူးဧက | အထွက်နှုန်း (ပိဿာ/ဧက) | အထွက် (အစေ့ကုန်ကြမ်း) | |
|---|---|---|---|---|---|---|
| | | | | | ပိဿာ | တန် |
| ၁။ | ၂၀၂၀-၂၀၂၁ | ၂၁၀၂၂၆ | ၁၅၆၀၃၄ | ၂၉၈.၀၉ | ၄၆၅၁၁၅၀၉ | ၇၅၉၉၉ |
| ၂။ | ၂၀၂၁-၂၀၂၂ | ၂၀၆၂၃၂ | ၁၄၆၂၇၂ | ၃၁၆.၁၁ | ၄၆၂၃၇၅၁၃ | ၇၅၅၅၁ |
| ၃။ | ၂၀၂၂-၂၀၂၃ | ၂၁၆၄၃၉ | ၁၅၀၀၂၈ | ၂၉၀.၈၉ | ၄၃၆၄၁၈၁၁ | ၇၁၃၁၀ |
| ၄။ | ၂၀၂၃-၂၀၂၄ | ၂၀၅၈၇၂ | ၁၅၀၆၂၈ | ၃၃၄.၉၉ | ၅၀၄၅၈၅၇၆ | ၈၂၄၄၉ |
| ၅။ | ၂၀၂၄-၂၀၂၅ | ၂၁၆၄၁၁ | ၁၅၄၂၇၈ | ၃၃၀.၄၁ | ၅၀၉၇၄၂၄၆ | ၈၃၂၉၁ |

ထို့ကြောင့် လက်ရှိကာလတွင် စိုက်ဧရိယာ တိုးချဲ့ခြင်းထက် ရှိပြီးသားဧရိယာ၏ တစ်ဧက အထွက်နှုန်းတိုးတက်အောင် မြှင့်တင်ခြင်းသည် အရေးကြီးသည့် မဟာဗျူဟာတစ်ရပ် ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စိုက်ပျိုးထုတ်လုပ်မှုတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သည် သီဟိုဠ်သရက်ကဏ္ဍ၏ အဓိကထုတ်လုပ်သောဒေသများ ဖြစ်ကြပါသည်။ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် သီဟိုဠ်သရက် ၇၃၉၂၉ ဧက စိုက်ပျိုးထားရှိပြီး တစ်နိုင်ငံလုံး သီဟိုဠ်စိုက်ဧရိယာ၏ ၃၅ ဒသမ ၈၁ ရာခိုင်နှုန်းဖြင့် မြန်မာနိုင်ငံ၏ သီဟိုဠ်သရက် အများဆုံးစိုက်ပျိုး ထုတ်လုပ်ရာ တိုင်းဒေသကြီးအဖြစ် တွေ့ရှိရပါသည်။

ရောင်းချမှုမှ ပြုပြင်ထုတ်လုပ်၍ တန်ဖိုးမြှင့်ထုတ်ကုန်များကို အဓိကထားပြီး ထုတ်လုပ်သည့်ပုံစံသို့ ဦးတည်၍ ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း ပြည်ပ ဈေးကွက်၌ အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်ပါသည်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် ထုတ်လုပ်နိုင်သော သီဟိုဠ်အဆန် ၂၀၆၁၂ တန်အနက် ပြည်ပတင်ပို့မှုမှာ ၂၅၀၃ ဒသမ ၅၇၅ တန်ရှိပြီး ပြည်တွင်းစားသုံးမှုမှာ ၁၈,၁၀၁ ဒသမ ၄၂၅ တန်ခန့်ရှိ၍ ထုတ်လုပ်မှု၏ ၈၇ ရာခိုင်နှုန်းကျော်မှာ ပြည်တွင်းစားသုံးမှု ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်သည်လည်း တန်ဖိုးမြှင့်ထုတ်ကုန်များအတွက် အရေးပါသော ဈေးကွက် ဖြစ်သည်။

**သီဟိုဠ်သရက်အဆန် ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ**

သီဟိုဠ်စေ့ကုန်ကြမ်းမှ အဆန်ထုတ်လုပ်ရာတွင်

**၂၀၂၄-၂၀၂၅ ခုနှစ်တွင် သီဟိုဠ်သရက် အဓိကထုတ်လုပ်သောဒေသများ၏ အထွက်နှုန်း နှိုင်းယှဉ်ဖော်ပြချက်**

| ဒေသ | စိုက်ဧက | အသီးခူးဧက | အထွက်နှုန်း (ပိဿာ/ဧက) | ထုတ်လုပ်မှု (ပိဿာ) |
|---|---|---|---|---|
| တနင်္သာရီ | ၇၃,၉၂၉ | ၅၅,၅၁၃ | ၂၀၃.၀၄ | ၁၁,၂၇၁,၄၉၉ |
| ဧရာဝတီ | ၆၆,၅၂၉ | ၄၉,၅၉၇ | ၂၂၉.၉၄ | ၁၁,၄၀၄,၄၀၁ |
| ပဲခူး | ၂၃,၈၂၁ | ၂၂,၅၁၅ | ၁၁၅၇.၄၈ | ၂၆,၀၆၅,၃၄၀ |
| ရခိုင် | ၂၁,၉၄၈ | ၁၀,၇၄၈ | ၆၃.၈၆ | ၆၈၆,၃၈၉ |

**သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်မှု၏ အဓိကအားသာချက်နှင့် အခွင့်အလမ်းများ**

မြန်မာနိုင်ငံတွင် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အားသာချက်

ကုန်ကြမ်းဝယ်ယူခြင်း၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ရေနွေးငွေ့ဖြင့် အပူပေးခြင်း၊ အခွံခွဲခြင်း၊ အဆန်အခြောက်ခံခြင်း၊ အမြှေးပါးခွာခြင်း၊ အဆန်၏အဆင့်အတန်းသတ်မှတ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ ထုပ်ပိုးခြင်းနှင့် ဈေးကွက်တင်ပို့ရောင်းချခြင်း ဟူသည့် လုပ်ငန်းစဉ်များရှိသည်။ အခွံခွဲခြင်းလုပ်ငန်းကို လူအားသုံးစွဲနိုင်သကဲ့သို့ စက်ကိရိယာဖြင့်လည်း အခွံခွဲနိုင်ပါသည်။ သီဟိုဠ်စေ့ကုန်ကြမ်း တစ်ပိဿာလျှင် အစေ့ပေါင်း ၂၅၀ မှ ၃၀၀ ခန့် ပါဝင်ပါသည်။ သီဟိုဠ်စေ့ကုန်ကြမ်း လေးပိဿာလျှင်သီဟိုဠ်အဆန် တစ်ပိဿာခန့် ရရှိပါသည်။ သီဟိုဠ်ဆန် တစ်ပိဿာလျှင် ၁ ဒသမ ၆၄ ကီလို ဂရမ်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာမှ လက်ခံထားသော သီဟိုဠ်သရက်အဆန် အဆင့်အတန်း သတ်မှတ်ချက်များအရ W 180 = (Whole kernel 170–180/pound)၊ W210 = (Whole kernel 200–210/pound)၊ W240 = (Whole kernel 220–240/pound)၊ W 280 = (Whole kernel 260–280/pound)၊ W 320= (Whole kernel 300–320/pound)၊ W 400= (Whole kernel 350–400/pound)၊ W 450= (Whole kernel 400–450/pound) ၊ W 500= (Whole kernel 450–500/pound) ဟူ၍ အဆင့်အတန်း သတ်မှတ်ထားပါသည်။

ထို့ပြင် အဆိုပါ ဈေးကွက်ဝင် သီဟိုဠ်သရက်အဆန်များသာမက သီဟိုဠ်အဆန် အကျိုးအကြေများ၊ လှော်ထားသောအဆန်၊ အရသာထည့်ထားသောအဆန်၊ သီဟိုဠ်နို့၊ သီဟိုဠ်ထောပတ်၊ ဝိုင်၊ ယို၊ အစားအသောက် လုပ်ငန်းသုံးပစ္စည်းများနှင့် သီဟိုဠ်စေ့ အခွံဆီတို့ကိုလည်း တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဖော်ဆောင်နိုင်သည်။

အထူးသဖြင့် မြန်မာနိုင်ငံသည် လက်ရှိတွင် W 400 ကဲ့သို့ အဆန်အရွယ်အစားငယ်သော သီဟိုဠ်သရက်အဆန်များမှသည် W 320, W 240 နှင့် W 180 ကဲ့သို့ အဆင့်မြင့်သီဟိုဠ်သရက်အဆန်များ အဓိက ထုတ်လုပ်ရရှိနိုင်ရန်အတွက် တောင်သူအဆင့် မျိုးရွေးချယ်မှုမှ စတင်၍ စက်ရုံအဆင့် ထုတ်လုပ်မှုအထိ ဆက်စပ်ဆောင်ရွက်ရမည့် အရေးကြီးသော အချက် ဖြစ်ပါသည်။

**ပြည်ပတင်ပို့မှု**

ယခုလက်ရှိတွင် မြန်မာနိုင်ငံသည် တရုတ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် ကိုရီးယားနိုင်ငံတို့သို့ သီဟိုဠ်အဆန်များ တင်ပို့လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သီဟိုဠ်သရက်အဆန် တင်ပို့မှု ၂၅၀၃ ဒသမ ၅၇၅ တန်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၂၄ သန်း ဝင်ငွေရရှိပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သီဟိုဠ်သရက်အဆန် ၇၄၃၉ ဒသမ ၃၅၂ တန် တင်ပို့နိုင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၆၅ သန်း အထိ ဝင်ငွေပိုမိုတိုးတက်ရရှိခဲ့ပါသည်။

မြန်မာ့သီဟိုဠ်သရက်ကဏ္ဍတွင် လက်ရှိကြုံတွေ့နေရသည့် အောက်ပါစိန်ခေါ်မှုများကို အဓိကထား ဖြေရှင်းရန်လိုအပ်သည်-

(၁) **စိုက်ပျိုးရေးဆိုင်ရာ စိန်ခေါ်မှု။** ဒေသအလိုက် မျိုးကွဲများ မတူညီခြင်း၊ မျိုးကောင်းမျိုးသန့် ပျိုးပင်လုံလောက်မှုမရှိခြင်း၊ ပင်အိုများ ပြန်လည်အစားထိုးရန် လိုအပ်ခြင်း၊ တစ်ဧကအထွက်နှုန်း ကွာခြားမှုများခြင်း၊ ရေ၊ မြေဩဇာနှင့် မြေဆီလွှာစီမံခန့်ခွဲမှု အားနည်းခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ရေအသုံးချနိုင်မှု။

(၂) **အသီးခူးပြီးနောက် စီမံခန့်ခွဲမှု။** အသီးခူးချိန် မတူညီခြင်း၊ အစေ့ခြောက်သွေ့မှု မမှန်ခြင်း၊ အညစ်အကြေးနှင့် အရည်အသွေးကျဆင်းခြင်း၊ သိုလှောင်မှုစနစ် မကောင်းခြင်း၊ အဆန်အရောင်နှင့် အရည်အသွေး ကျဆင်းခြင်း။

(၃) **ထုတ်လုပ်မှုနှင့် စက်မှုကဏ္ဍ။** စက်ရုံအရေအတွက်နှင့် စက်၏ထုတ်လုပ်နိုင်စွမ်းအား မလုံလောက်ခြင်း၊ စက်ပစ္စည်းနှင့် နည်းပညာလိုအပ်ချက်၊ အဆင့်အတန်းခွဲခြားမှု စံသတ်မှတ်မှု တူညီရန်။

(၄) **ဈေးကွက်ဆိုင်ရာ စိန်ခေါ်မှု။** ကုန်ကြမ်းဈေးနှုန်း အတက်အကျရှိခြင်း၊ နိုင်ငံတကာဈေးကွက်သတင်း အချက်အလက် မလုံလောက်ခြင်း၊ ဈေးကွက်တည်ဆောက်နိုင်မှု အားနည်းခြင်း၊ ဈေးကွက်အနည်းငယ်အပေါ် မှီခိုခြင်း၊ ဈေးကွက်ဝင်ကိုယ်ပိုင် အမှတ်တံဆိပ် မတည်ဆောက်နိုင်သေးခြင်း။

(၅) **ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှု။** စက်ရုံများ၏ ကုန်ထုတ်လုပ်မှု၊ သိုလှောင်မှု၊ ခူးပြီးနောက် ထိန်းသိမ်းမှုနည်းပညာ၊ ထုတ်လုပ်မှုနှင့် အရည်အသွေးစစ်ဆေးမှုဆိုင်ရာ ဓာတ်ခွဲခန်းများ တည်ဆောက်ရေးများအတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်သည်။

**သုံးသပ်အကြံပြုချက်များ**

(၁) **မျိုးကောင်းမျိုးသန့်နှင့် ပင်အိုအစားထိုး စိုက်ပျိုးရေး။** ဒေသရေမြေအလိုက် စိုက်ပျိုးရန် သင့်လျော်သည့်မျိုးများကို သတ်မှတ်ပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့် စံချိန်မီ ပျိုးပင်ထုတ်လုပ်နိုင်ရေး၊ အထွက်နှုန်းကောင်း မိခင်ပင် ရွေးချယ်ရေး၊ လက်ခံပင်နှင့် ကိုင်းဆက်မျိုးယူမည့် အပင်၏ အရည်အသွေး၊ ပျိုးခင်းတွင် မျိုးမှန်ကန်စေရေးနှင့် စံချိန်မီ ပျိုးခင်းတို့ဖြစ်ရန် လိုအပ်သည်။

လက်ရှိစိုက်ပျိုးနေသည့်မျိုးများ အပါအဝင် စီးပွားရေးအရအလားအလာရှိသည့်မျိုးများကိုသုတေသနပြု၍ အထွက်နှုန်း၊ အဆန်အရွယ်အစား၊ အဆန်ထွက်ရှိမှု၊ ရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ ဒေသ၏ ရာသီဥတုနှင့် စိုက်ပျိုးရန်သင့်တော်မှုနှင့် ဈေးကွက်တွင် ရောင်းတမ်းဝင်နိုင်မှုတို့အပေါ် အခြေခံ၍ မျိုးရွေးချယ်သင့်သည်။

(၂) **အထွက်နှုန်းမြှင့်တင်ရေးအတွက် စံပြစိုက်ခင်းများ တည်ထောင်ရေး။** တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန်များ သတ်မှတ်ပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို အခြေခံ၍ စံပြစိုက်ခင်းများ ထူထောင်ကာ စိုက်ပျိုးနည်းများကို ပြသပေးသင့်ပါသည်။ အထွက်နှုန်းမြင့်မားစေသည့် အချက်များကို ကွင်းသရုပ်ပြပွဲများ ပြုလုပ်ပြီး စိုက်ပျိုးရေးနည်းလမ်းများကို စိုက်ပျိုးသူများထံသို့ ဖြန့်ဝေရန် လိုအပ်သည်။

(၃) **သီဟိုဠ်သရက်အစုအဖွဲ့ ဖော်ဆောင်ရေး။** သီဟိုဠ်သရက် အဓိကစိုက်ပျိုးထုတ်လုပ်သော ဒေသများတွင် စိုက်ပျိုးသူတောင်သူ၊ သိုလှောင်ရောင်းဝယ်သူ၊ စက်ရုံ၊ ဈေးကွက်တင်ပို့ရောင်းချမှု၊ ငွေကြေးအရင်းအနှီးရရှိမှုဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရနှင့် သုတေသနပြုလုပ်မှုတို့ ပါဝင်သည့် သီဟိုဠ်သရက် အစုအဖွဲ့များ ဖွဲ့စည်းရန် လိုအပ်ပါသည်။

(၄) **ထုတ်လုပ်မှုအတွက် စက်ရုံများ တိုးချဲ့တည်ထောင်ရေး။** ကုန်ကြမ်းကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းထက်

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

ပြည်တွင်းတွင် တန်ဖိုးမြှင့်ကုန်ကြမ်းအဖြစ် ပြောင်းလဲရန် စက်ရုံများ တိုးချဲ့တည်ထောင်သင့်သည်။

**(၅) အရည်အသွေးနှင့် အာမခံချက်ပေးခြင်း။** နိုင်ငံတကာဈေးကွက်အတွက် GAP (စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ)၊ GMP (ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို သန့်ရှင်းမှုရှိပြီး စနစ်တကျဆောင်ရွက်ခြင်း)၊ HACCP (ထုတ်လုပ်မှုအတွင်း ဖြစ်ပေါ်နိုင်သော အစားအသောက် ဘေးကင်းရေးအန္တရာယ်များကို ကြိုတင်ထိန်းချုပ်သည့်စနစ်)၊ Food Safety (အစားအစာ၏ဘေးကင်းလုံခြုံရေး)၊ Traceability (ထုတ်ကုန်၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်ကို သိရှိပြီး နောက်ကြောင်းပြန် ခြေရာခံနိုင်ခြင်း)၊ Standard grading (အဆင့်ခွဲခြားခြင်း)၊ Export packaging (ထုပ်ပိုးမှုနှင့်ဈေးကွက်ဝင်မှု) စသည့် စနစ်များကို တဖြည်းဖြည်း အကောင်အထည်ဖော်သင့်သည်။

**(၆) ဈေးကွက် ချိတ်ဆက်ဖြန့်ကြက်နိုင်မှု။** တရုတ်နှင့် ထိုင်းကဲ့သို့ ရှိပြီးသားဈေးကွက်များကို ဆက်လက်ထိန်းသိမ်းသည့်အပြင် ဥရောပ၊ ဂျပန်၊ ကိုရီးယား၊ အာရှအရှေ့အလယ်ပိုင်းဒေသနှင့် အာဆီယံဈေးကွက်များသို့ တဖြည်းဖြည်းချဲ့ထွင်ရန် လိုအပ်သည်။

**(၇) ပြည်ပကုန်ကြမ်းတင်သွင်းပြီး တန်ဖိုးမြှင့်ထုတ်လုပ်ရေး။** ဗီယက်နမ်၏ အတွေ့အကြုံအရ ပြည်တွင်းကုန်ကြမ်းတစ်ခုတည်းအပေါ် မမှီခိုဘဲ လိုအပ်သည့်အချိန်တွင် ပြည်ပမှ သီဟိုဠ်သရက်ကုန်ကြမ်းများ တင်သွင်းပြီး ပြည်တွင်း ထုတ်လုပ်နိုင်မှု စွမ်းရည်ကိုအသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့နိုင်ရေးကိုလည်း ကြိုတင်စဉ်းစား စီမံချက်ချထားသင့်သည်။ သို့ရာတွင် ယင်းစနစ်ကို အကောင်အထည်ဖော်ရာတွင် ပြည်တွင်းမှ တောင်သူများ၏ ကုန်ကြမ်းဈေးကွက်နှင့် ယှဉ်ပြိုင်မှုမဖြစ်စေရေး၊ တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများ၊ အရည်အသွေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတိပြုရမည့် အချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

**(၈) ထုတ်လုပ်တင်ပို့ရောင်းချမှုဆိုင်ရာအဖွဲ့ ဖွဲ့စည်းရေး။** အစိုးရဌာနတစ်ခုတည်းဖြင့် ကဏ္ဍတစ်ခုလုံးကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် မလွယ်ကူသဖြင့် **မြန်မာ့သီဟိုဠ် သရက်စိုက်ပျိုးထုတ်လုပ်ရေး**ကဲ့သို့သော အသင်းအဖွဲ့ကို တောင်သူ၊ စက်ရုံ၊ ကုန်သည်၊ တင်ပို့ရောင်းချသူနှင့် ပညာရှင်များ ပါဝင်စေ၍ ဖွဲ့စည်းသင့်ပါသည်။

**(၉) ဈေးကွက်သတင်းအချက်အလက်။** သီဟိုဠ်သရက်ဆိုင်ရာဈေးကွက်နှင့် သတင်းအချက်အလက် နည်းပညာဌာနဖွဲ့စည်းပြီး နေ့စဉ်/အပတ်စဉ် ဈေးနှုန်း၊ ပြည်ပဈေးနှုန်း၊ ဈေးကွက်ဝယ်လိုအား၊ အဆန်အဆင့်အတန်းအလိုက် ဈေးနှုန်း၊ ထုတ်လုပ်မှုနှင့် ရာသီဥတုအခြေအနေတို့ကို တောင်သူများထံ ဖြန့်ဝေပေးသင့်သည်။

**(၁၀) သုတေသနနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှု။** သီဟိုဠ်သရက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် သီဟိုဠ်သရက်ဆိုင်ရာ သုတေသနနှင့် နည်းပညာဌာနကို ထားရှိပြီး မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရေးမှသည် တန်ဖိုးမြှင့် ထုတ်ကုန်တင်ပို့ရောင်းချသည်အထိ ထုတ်လုပ်မှုကွင်းဆက်အားလုံးတို့ကို ဦးစားပေးသုတေသနပြုရမည်ဖြစ်ပါသည်။

**ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများ**

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်မှု ဧရိယာဧက သုံးသိန်း ပြည့်မီစေရေးအတွက် ငါးနှစ်စီမံချက်ဖြင့် တိုးချဲ့ဆောင်ရွက်မည့်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

သီဟိုဠ်သရက် ဧက သုံးသိန်း တိုးချဲ့စိုက်ပျိုးမှု အပြည့်အဝ အောင်မြင်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည့်အချက်များမှာ သီဟိုဠ်သရက် တိုးချဲ့စိုက်ပျိုးမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတွင် အကြိုစစ်တမ်းကောက်ယူမှု ပြုလုပ်ခြင်း၊ မျိုးအလိုက် စာရင်းပြုလုပ်ခြင်း၊ အထွက်နှုန်းမှတ်တမ်းယူခြင်း၊ သီဟိုဠ်သရက် ပျိုးခင်းတည်ထောင်ခြင်းနှင့် မျိုးကောင်းမျိုးသန့် ပျိုးပင်ထုတ်လုပ်ခြင်း၊ အရည်အသွေးမြင့် မျိုးများဖြန့်ဝေခြင်း၊ ပင်အိုခုတ်လှဲပြီး အထွက်ကောင်းမျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊ GAP စံပြစိုက်ခင်းများ တည်ထောင်ခြင်း၊ အသီးကောက်ယူစုဆောင်းပြီးနောက် သိုလှောင်၊ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာသင်တန်းပေးခြင်း၊ သီဟိုဠ်သရက်ဆိုင်ရာ သတင်းအချက်အလက်နှင့် နည်းပညာဖြန့်ဝေမှု စတင်ခြင်း၊ ထုတ်လုပ်သော စက်ရုံများ၏ စက်ရုံထုတ်လုပ်နိုင်စွမ်းကို မှတ်တမ်းပြုလုပ်ခြင်း၊ ထုတ်ကုန်တင်ပို့မှုဆိုင်ရာ လိုအပ်ချက်များအား စုစည်းထုတ်ပြန်ခြင်းတို့ဖြစ်ပြီး ကာလတိုစီမံချက်အဖြစ် ငါးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**နှစ်ရှည်စီမံချက် နှစ် ၂၀ အတွင်း ဆောင်ရွက်မည့် အစီအမံများ**

ကာလရှည်စီမံချက်အနေဖြင့် ထုတ်လုပ်မှုစက်ရုံများ တိုးချဲ့ခြင်း၊ ထုတ်ကုန်၏အဆင့်အတန်း ခွဲခြားခြင်းနှင့် အရည်အသွေးဆိုင်ရာ ဓာတ်ခွဲခန်းများ တည်ဆောက်ခြင်း၊ HACCP/GMP စနစ်များ စတင်အသုံးပြုခြင်း၊ သီဟိုဠ်သရက်အဆန် အဆင့်အတန်းသတ်မှတ်ချက်အရ W320/ W240/ W180 premium grade တို့အား ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊ ထုပ်ပိုးမှု ပိုမိုတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊ သုတေသနနှင့် နည်းပညာဌာန တည်ထောင်ခြင်း၊ ဥရောပ၊ ဂျပန်၊ ကိုရီးယား၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာဆီယံဈေးကွက်များသို့ ဈေးကွက်ချိတ်ဆက်မှု ပြုလုပ်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးချဲ့ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြု ကုန်တံဆိပ်ရရှိရေးအထိ လုပ်ဆောင်ရန် လိုအပ်ခြင်း၊ ပြည်ပမှ ကုန်ကြမ်းတင်သွင်း၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုလုပ်နိုင်သည့် စက်မှုဇုန်များ ဖော်ဆောင်ခြင်းနှင့် ဒေသဆိုင်ရာ ထုတ်လုပ်မှုနှင့် တင်ပို့မှုဦးဆောင်နိုင်ငံအဖြစ် ဖွံ့ဖြိုးစေခြင်း စသည်တို့ကို ဆောင်ရွက်ပြီး မြန်မာနိုင်ငံကို မြန်မာ့သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် တင်ပို့မှုတွင် ဦးဆောင်နိုင်ရေး ဖော်ဆောင်ရန် ရည်မှန်းသင့်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ခန့်မှန်းကုန်ကျစရိတ်**

သီဟိုဠ်သရက် တစ်ဧက စိုက်ပျိုးထိန်းသိမ်းခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်(ကျပ်)မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | လုပ်ငန်း | လုပ်ခ | ပစ္စည်း | စုစုပေါင်း |
|---|---|---|---|---|
| ၁ | စိုက်ပျိုးခြင်း | ၃၆၉၇၅၀ | ၄၄၁၀၅၀ | ၈၁၀၈၀၀ |
| ၂ | ထိန်းသိမ်းခြင်း | ၂၈၁၇၀၀ | ၁၈၆၇၅၀ | ၄၆၈၄၅၀ |
| | စုစုပေါင်း | ၆၅၁၄၅၀ | ၆၂၇၈၀၀ | ၁၂၇၉၂၅၀ |

**အကောင်အထည်ဖော်မှုအတွက် ဌာန/အဖွဲ့အစည်းအလိုက် ပူးပေါင်းဆောင်ရွက်မှု**

မြန်မာ့သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှုအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ

**ရေတွက်ပုံ(ဇေ)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ | ၂၀၃၀ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | တနင်္သာရီ | ၇၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၃၃၀၀၀ | ၃၅၀၀၀ | ၁၀၀၀၀၀ |
| ၂ | ဧရာဝတီ | ၆၄၀၀ | ၉၆၀၀ | ၁၅၀၀၀ | ၃၀၀၀၀ | ၃၄၀၀၀ | ၉၆၀၀၀ |
| ၃ | ပဲခူး | ၂၄၀၀ | ၃၆၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၃၆၀၀၀ |
| ၄ | ရခိုင် | ၂၄၀၀ | ၃၆၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၃၆၀၀၀ |
| ၅ | မွန် | ၈၀၀ | ၁၂၀၀ | ၂၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ |
| ၆ | ကရင် | ၁၀၀၀ | ၂၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ |
| | စုစုပေါင်း | ၂၀၀၀၀ | ၃၀၀၀၀ | ၄၇၀၀၀ | ၁၀၀၀၀၀ | ၁၀၃၀၀၀ | ၃၀၀၀၀၀ |

ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရနှင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်/ငွေကြေးအဖွဲ့အစည်းများ၊ တက္ကသိုလ်/သုတေသနအဖွဲ့များ တို့ဖြင့် Public–Private–Research Partnership အဖြစ် ဆောင်ရွက်သင့်သည်။

**မူဝါဒဆိုင်ရာ အကြံပြုချက်များ**

သီဟိုဠ်သရက်သီးနှံသည် ပြည်ပဝယ်လိုအား မြင့်တက်နေသည့် သီးနှံအမျိုးအစားဖြစ်ပြီး အနာဂတ်ဈေးကွက်ဝင်မှု အလားအလာရှိနေသည့်အတွက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုသည် စိုက်ပျိုးထုတ်လုပ်သူများအတွက် တွက်ခြေကိုက်သည့်လုပ်ငန်းဖြစ်သောကြောင့် ပြည်ပဝင်ငွေ တိုးမြှင့်ရရှိနိုင်ရေး၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ အကျိုးအမြတ်ရရှိစေရေးနှင့် နိုင်ငံ့စီးပွား အထောက်အပံ့ကောင်း ရရှိရေးအတွက် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားရန် အကြံပြုတင်ပြအပ်ပါသည်–

(က) အထွက်နှုန်းနှင့် အရည်အသွေးကို ထိခိုက်စေနိုင်သည့် ပိုးမွှားရောဂါများ ကျရောက်နိုင်သည့်အတွက် ထိရောက်သော စီမံခန့်ခွဲမှု အလေ့အကျင့်များ ဆောင်ရွက်ပေးခြင်း၊

(ခ) ဈေးကွက်သို့ ကောင်းမွန်သောအခြေအနေဖြင့် ရောက်ရှိစေရန် မှန်ကန်သော ထုပ်ပိုးခြင်းနှင့် ကိုင်တွယ်ခြင်းတို့သည် အရေးကြီးသောကြောင့် စနစ်တကျ လုပ်ကိုင်နိုင်ရန်နှင့် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊

(ဂ) သီဟိုဠ်သရက်သီးနှံတင်ပို့ရာတွင် ပို့ကုန်အလားအလာမြှင့်တင်နိုင်ရန်အတွက် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များနှင့် အခြေခံအဆောက်အအုံများ ကူညီပေးခြင်း၊

(ဃ) တစ်ဧကကုန်ကျစရိတ်နှင့် ထုတ်လုပ်မှုအရင်းအနှီးများသဖြင့် အစိုးရနှင့် ပုဂ္ဂလိကတို့မှ ပူးပေါင်းဆောင်ရွက်ပြီး ငွေကြေးအထောက်အပံ့များ ရရှိရန် ကူညီဆောင်ရွက်ပေးခြင်း၊

(င) ကန်ထရိုက်လယ်ယာစနစ် အားကောင်းလာရေး အစိုးရနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများအကြား တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစေသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်ပေးခြင်း၊

(စ) အရည်အသွေးကောင်းမွန်၍ အထွက်နှုန်းကောင်းစေရန် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းအတွက် တောင်သူပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးခြင်း၊

(ဆ) ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးသုံးစွဲမှုများ စနစ်တကျအသုံးပြုနိုင်ရေး GAP စနစ်ကို တောင်သူများ လက်ခံကျင့်သုံးမှု များလာစေရန် တွန်းအားပေး ဆောင်ရွက်ပေးခြင်း၊

(ဇ) ပြည်ပရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဈ) အရည်အသွေးယှဉ်ပြိုင်နိုင်သည့် သီဟိုဠ်သရက်မျိုးများ ရရှိရေးအတွက် ဈေးကွက်ဝင်မျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာစေရေးကို အလေးထား ဆောင်ရွက်ပေးခြင်း၊

(ည) ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်သွယ်မှုပိုမိုလွယ်ကူချောမွေ့စေရန် မလိုလားအပ်သည့် အကောက်ခွန်မဟုတ်သော အတားအဆီးများ (Non Tariff Barriers) လျှော့ချပေးရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဋ) ပြည်တွင်း၊ ပြည်ပ ဈေးကွက်အလားအလာများကို ခန့်မှန်းတွက်ချက်ပြီး စိုက်ပျိုးထုတ်လုပ်သူများကို ဈေးကွက်သတင်းအချက်အလက်များ မျှဝေပေးခြင်း၊

(ဌ) ပြည်တွင်းစားသုံးမှုအတွက် ထုတ်လုပ်သည်မှ ပြည်ပသို့တင်ပို့နိုင်သည်အထိ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ပေးခြင်း။

**အထွေထွေတင်ပြချက်**

မြန်မာနိုင်ငံ၏ သီဟိုဠ်သရက်ကဏ္ဍသည် လက်ရှိတွင် စိုက်ပျိုးထုတ်လုပ်မှုအခြေခံ ရှိပြီးဖြစ်သော်လည်း နိုင်ငံ၏စီးပွားရေး တန်ဖိုးမြှင့်တင်ရေးအတွက် ထိုက်တန်သည့် အကျိုးအမြတ်ကို အပြည့်အဝ မရရှိသေးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် တနင်္သာရီ၊ ဧရာဝတီ၊ ပဲခူးနှင့် ရခိုင်ဒေသများတွင် ထုတ်လုပ်မှုအခြေခံ ခိုင်မာနေခြင်းသည် အားသာချက်ဖြစ်သည်။ ထိုအားသာချက်ကို အသုံးချ၍ စိုက်ပျိုးဧရိယာ တိုးချဲ့စိုက်ပျိုးရေးတစ်ခုတည်းကိုသာ အာရုံစိုက်ခြင်းမပြုဘဲ သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ကုန်ကြမ်းထုတ်လုပ်မှုမှ ပြုပြင်ထုတ်လုပ်မှုစွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေး၊ ဈေးကွက်နှင့် ပို့ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံးကို အချိတ်အဆက်မိမိ ဖော်ဆောင်ရန် လိုအပ်ပြီး တစုတစည်းတည်း မဟာဗျူဟာချ ချိတ်ဆက်ဖော်ဆောင်ရမည့်လုပ်ငန်းကြီး ဖြစ်ပါသည်။

ထို့ပြင် သီဟိုဠ်သရက်သီးနှံကို ပြည်ပနိုင်ငံများသို့ တရားဝင်ပို့နိုင်ရေး သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ပါက မြန်မာ့သီဟိုဠ်သရက်သည် ဈေးကွက်ခိုင်မာမှုရှိကာ ရေရှည်တည်တံ့သော ပို့ကုန်တင်ပို့မှု မြင့်မားလာစေပြီး နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည့် သီးနှံတစ်ခု ဖြစ်လာနိုင်ပါသည်။ ထို့ပြင် မြန်မာ့သီဟိုဠ်သရက်ဈေးကွက် ခိုင်မာလာပါက စိုက်ပျိုးသူတောင်သူများသည် ဈေးကွက်အခွင့်အလမ်းများစွာရရှိခြင်း၊ အကျိုးအမြတ်များစွာ ရရှိနိုင်ခြင်းကြောင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ထို့ကြောင့် သီဟိုဠ်သရက်ကို တောင်သူဝင်ငွေတိုးတက်စေသော သီးနှံအဖြစ်မှ ပြည်တွင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးစေသော ကုန်ကြမ်း၊ ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးသော ပို့ကုန်သီးနှံအဖြစ် ပြောင်းလဲဖော်ဆောင်နိုင်ပါက "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" ဆိုသည့် အမျိုးသားအဆင့် ရည်မှန်းချက်ကို သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍမှ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

**ကိုးကားချက်**


၁။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုစာရင်း။

၂။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုစာရင်း။

၃။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုနှင့် ပို့ကုန်ဆိုင်ရာ စာရင်းအင်းများ။

၄။ Food and Agriculture Organization of the United Nations. (2023). FAOSTAT: Crops and Livestock Products Database.

၅။ General Department of Customs of Vietnam. (2023). Cashew Export Statistics.

၆။ International Trade Council. (2024). Vietnam's Cashew Industry and Global Trade with Record Exports.

၇။ Ministry of Industry and Trade of Vietnam. (2024). Cashew Export and Market Information.

၈။ Vietnam Cashew Association. (2024). Cashew Industry and Export Information.

၉။ World Integrated Trade Solution (WITS), World Bank. (2025). – HS 080130 Cashew nuts trade data.

၁၀။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဗီယက်နမ်နိုင်ငံ သီဟိုဠ်စေ့ထုတ်လုပ်မှု၊ ပြုပြင်ထုတ်လုပ်မှုနှင့် ပို့ကုန်ဆိုင်ရာ လေ့လာချက်များ။

## လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ် (၃၁)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်



ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၃၁)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း အသံမစဲရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၁၇ ရက်မှ ၂၅ ရက်အထိ ကိုးရက်တိုင်တိုင် အဆိုပါဘုရားကြီး ဂန္ဓကုဋီတိုက်အတွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်လင်း

## ဘုတ်ပြင်းမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း သုံးသပ်ဆွေးနွေး

ဘုတ်ပြင်း အောက်တိုဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း သုံးသပ်ဆွေးနွေးပွဲဆောင်ရွက်ရခြင်းနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက စီမံကိန်းနှင့်ပတ်သက်၍ ဖြည့်စွက်အကြံပြုလိုသည့်အချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ကျိုက်မရောမြို့နယ်၌ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

ကျိုက်မရော အောက်တိုဘာ ၁၇

ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)က သီးထပ်စိုက်ပျိုးသည့် တောင်သူများအတွက် ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၃ ရက်က အဆိုပါဘဏ်(ခွဲ)၌ ပြုလုပ်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ) မန်နေဂျာ ဦးမင်းသက်စံက ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ လျာထားချက်မှာ ၂၆၁၅ ဒသမ ၅၀ သိန်း ရှိပြီး သီးထပ်စိုက်ပျိုးသည့် တောင်သူ ၁၃၂ ဦး၏ နှမ်းပါးစိုက်ဧက ၇၁၂ ဧက၊ အခြားသီးနှံမျိုးစုံ ၁၈၁ ဧကတို့အတွက် စတင် ထုတ်ချေးပေးလျက် ရှိကြောင်း ပြောကြားသည်။



ချေးငွေများထုတ်ချေးရာတွင် ပေါလောကျေးရွာမှ တောင်သူ ၂၄ ဦး၊ ဦးလေးကျေးရွာမှ တောင်သူ ၁၂ ဦး စုစုပေါင်း ၃၆ ဦးတို့အား နှမ်းပါး တစ်ဧကလျှင် ငွေကျပ်သုံးသိန်း၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၇၅၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

## ကျောက်ပန်းတောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

ကျောက်ပန်းတောင်း အောက်တိုဘာ ၁၇

ကျောက်ပန်းတောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားရာ ဒေသခံပြည်သူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းပြီး တာဝန်ရှိသူများက ဆွေးနွေးပေးသည်။



အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူစုစုပေါင်း ၂၁၅ ဦး တက်ရောက်ခဲ့သည်။

နေအောင်(ပြန်/ဆက်)

## မြဝတီမြို့၌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ နှစ်(၁၂၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရိပ်ရအပင်များ စိုက်ပျိုး

မြဝတီ အောက်တိုဘာ ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်သည့် နှစ်(၁၂၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ကရင်ပြည်နယ် မြဝတီမြို့နယ် မြေစာရင်းဦးစီးဌာနရုံးတွင် အရိပ်ရအပင်များ စိုက်ပျိုးခြင်းကို အောက်တိုဘာ ၁၅ ရက်က အမှတ်(၅)ရပ်ကွက် သုခလမ်းရှိ မြို့နယ်မြေစာရင်းဦးစီးဌာနရုံး၌ ပြုလုပ်ရာ ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးစိုးသန်းနှင့် ဝန်ထမ်းများက ရုံးဝင်းအတွင်း၌ သပြေပင်၊ ပန်းအလှပင်များ၊ အရိပ်ရအပင်များကို အထိမ်းအမှတ်အဖြစ် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



ဟိုပင်မြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ "ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်" လက်ကမ်းစာစောင်များကို အောက်တိုဘာ ၁၃ ရက်က ခရီးသွားပြည်သူများနှင့် မြို့တွင်း လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။ မိုးမိုးဝေ

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



## ဟုမ္မလင်းမြို့၌ သံဃာတော်များအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ဟုမ္မလင်း အောက်တိုဘာ ၁၇

ဟုမ္မလင်းမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးနိုင်ဖြိုးကျော် ဦးဆောင်၍ ဝန်ထမ်းများက သံဃာတော်များအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဟုမ္မလင်းရပ်ကွက် မြို့မဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၁၁ ရက်က ကွင်းဆင်းဆောင်ရွက်ပေးရာ သံဃာတော် ၁၅ ပါးအား UID ကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မိုင်းဆတ်မြို့၌ ဒေသမျိုး(နောင်ဘို) စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြ

မိုင်းဆတ် အောက်တိုဘာ ၁၇

မိုင်းဆတ်မြို့၌ ဒေသမျိုး(နောင်ဘို)စံကွက်ရိတ်သိမ်းခြင်း ကွင်းလက်တွေ့သရုပ်ပြပွဲကို အောက်တိုဘာ ၁၃ ရက်က မယ်နင်ကျေးရွာနှင့် ဝိန်းကောင်းကျေးရွာ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးစိုးရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးသည်။

ထို့နောက် မယ်နင်ကျေးရွာအုပ်စု မယ်နင်ကွင်းအမှတ်(၂၃) တောင်သူ ဦးယောတ၏ ဒေသမျိုး(နောင်ဘို)စိုက်ခင်းကို စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစိုထွက် ၁၂၁ တင်း၊ အခြောက်ထွက် တင်း ၁၁၀ ထွက်ရှိပြီး ဝိန်းကောင်းကျေးရွာ ကွင်းအမှတ်(၁၃) တောင်သူ ဦးကျအူခါး၏ ဒေသမျိုး(နောင်ဘို)စိုက်ခင်းအား စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစို ၁၀၉ တင်း၊ အခြောက် တင်း ၁၀၀ ထွက်ရှိကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)



## မအူပင်မြို့၌ ဈေးရောင်းချသူများအား သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ ရောင်းချရေးဆိုင်ရာ အသိပညာပေး

မအူပင် အောက်တိုဘာ ၁၇

မအူပင်မြို့နယ် စည်ပင်သာယာရေးကော်မတီက လမ်းဘေးဈေးရောင်းချသူများအား သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ စည်းကမ်းချက်နှင့်အညီ ရောင်းချစေရေး အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးကျော်အောင်နှင့် တာဝန်ရှိသူများက ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများ ရောင်းချနိုင်ရေး၊ ပြင်ဆင်သတိပြုရန်တို့ကို ရှင်းလင်းပြောကြားပြီး လမ်းဘေးဈေးရောင်းချသူများအား မြို့နယ်စည်ပင်သာယာရေးကော်မတီက လမ်းဘေးဈေးရောင်းချသူ စိစစ်ရေးကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

## မိုင်းဆတ်မြို့၌ လူငယ်ရဲ့ဘဝနှင့်တန်ဖိုး စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပ

**မိုင်းဆတ် အောက်တိုဘာ ၁၇**

မိုင်းဆတ်မြို့တွင် အောက်တိုဘာ ၁၃ ရက်က လူထုအခြေပြုဗဟိုဌာန



ခန်းမ၌ စာရေးဆရာအောင်သင်း၏ လူငယ်ရဲ့ဘဝနှင့်တန်ဖိုး စာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်ရာ စာအုပ်ပေချစ်မြတ်နိုးသူများ အသင်းဥက္ကဋ္ဌ ဦးထူးဒယ်က လူငယ်တွေကို ရွေးချယ်ပါ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ဒေါ်ဝင်းဝင်းဇင်က ပညာသင်တယ်ဆိုတာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ဒေါ်နန်းခမ်းလွမ်းက လုပ်အားနဲ့ တည်ဆောက်ထားတဲ့ တန်ဖိုးခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော စာပေဝါသနာရှင် ကျောင်းသားကျောင်းသူများက ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ စာအုပ်ပေချစ်မြတ်နိုးသူများ အသင်းအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

## သရက်မြို့နယ်၌ ခရိုင်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**သရက် အောက်တိုဘာ ၁၇**

သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ခရိုင်အဆင့် သုံးသပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူးတို့က ခရိုင်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းလည်ပတ်နေမှုအခြေအနေများနှင့် သုံးသပ်ဆွေးနွေးရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသော ခရိုင်စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အဆိုပါစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြု သုံးသပ်ခဲ့ကြောင်း သိရသည်။

နေဘ်လူး

## ကျောက်တံခါးမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ကျောက်တံခါး အောက်တိုဘာ ၁၇**

ကျောက်တံခါးမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊



နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို အောက်တိုဘာ ၁၄ ရက်က ဖျိုင်းကွင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ဖျိုင်းကွင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းတို့က လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် အကျင့်စာရိတ္တ၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် စသည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြသည်။ မျိုးမင်း(ပြန်/ဆက်)

## ကျိုက်လတ်မြို့နယ်၌ အခြေခံအပ်ချုပ်စက် သင်တန်းဖွင့်

**ကျိုက်လတ် အောက်တိုဘာ ၁၇**

ကျိုက်လတ်မြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက်က အစိုးရစက်မှုလက်မှုသိပ္ပံ(ကျိုက်လတ်)၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးတို့က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ မိသားစုဝင်ငွေတိုးစေ၍ စားဝတ်နေရေးပြေလည်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် သင်တန်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသူများထံသို့ သင်ထောက်ကူပစ္စည်းများအား ပေးအပ်သည်။



အဆိုပါအခြေခံအပ်ချုပ်စက်သင်တန်းကို သင်တန်းသူ ၂၀ တက်ရောက်ပြီး ၄၅ ရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)



ကျိုက်ထိုမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကြာဖြူ-ကျိုက်ပိလမ်း (၁/၄) မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း သုံးခုနှင့် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျိုက်ပိကျေးရွာတောင်ပိုင်းနှင့် ရွာလယ်အောက်ပိုင်းဆက်လမ်း ပေ ၂၃၅၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို သထုံခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး (ခရိုင်မှူး) ဦးဘိုဘိုကျော်နှင့် တာဝန်ရှိသူများ အောက်တိုဘာ ၁၃ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ ပြည့်ဖြိုး(ပြန်/ဆက်)

## ရွှေပြည်သာမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရွှေပြည်သာမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကိုကိုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လူငယ်စကားဝိုင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲများကို ကြည့်ရှုအားပေးသည်။

ထို့နောက် စာရေးဆရာညီမေတ္တာ(အမရပူရ)က ဘဝနှင့်စာပေ ခေါင်းစဉ်ဖြင့် စာပေဟောပြောကာ ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ဖျော်ဖြေတင်ဆက်သော ဖျော်ဖြေရေးအဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ နေမျိုးထွန်း(ပြန်/ဆက်)



ငပုတောမြို့နယ်တွင် အသံမစဲ အဘိဓမ္မာပဋ္ဌာန်းဒေသနာတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၁၄ ရက်က ငပုတောမြို့ ရွှေမြင်းတင် စေတီတော်မြတ်ကြီး၏ သာသနဗိမာန်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ မဟာထေရ်အရှင်သူမြတ် အမှူးပြုသော သံဃာတော်အရှင်သူမြတ်များထံမှ ဥဒ္ဒေသ့ပရိသတ်အပေါင်းတို့က ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ အောင်သူ(ပြန်/ဆက်)



မအူပင်မြို့၌ အောက်တိုဘာ ၁၃ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးကျော်အောင်နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မအူပင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အပူဒဏ်ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကို ကွင်းဆင်းစစ်ဆေးစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)



ဝမ်းတွင်းမြို့နယ်အတွင်း ပွင့်လင်းရာသီနှင့် အယ်လ်နီညိုကြောင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရေး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၁၄ ရက်က ရပ်ကွက်များအတွင်းရှိ LPG အရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## လူထုအခြေပြုကျန်းမာရေးလုပ်သား သင်တန်းဆင်းပွဲကျင်းပ

**လဟယ် အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၅ ရက်က လဟယ်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနခန်းမ၌ ကျင်းပသည့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးပြီး Medical Action Myanmar (MAM)တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် လူထုအခြေပြုကျန်းမာရေးလုပ်သား သင်တန်းဆင်းပွဲသို့ တက်ရောက်သည်။

ဦးစွာ နာဂဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမန်းကိုကိုတို့က ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ မြို့နယ်(ပြန်/ဆက်)



# မိုင်းဖြတ်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုအကြောင်း အသိပညာပေးဟောပြော

**မိုင်းဖြတ် အောက်တိုဘာ ၁၇**

မိုင်းဖြတ်မြို့နယ်တွင် အယ်လ်နီညိုရာသီဥတုအကြောင်း အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက အယ်လ်နီညိုရာသီဥတု သက်ရောက်မှုအပေါ် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး တောင်သူများ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ အယ်လ်နီညိုရာသီဥတုနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန် လိုက်နာရမည့် အချက်များ၊ သဘာဝ ဘေးအန္တရာယ်များအကြောင်း သိကောင်းစရာများနှင့် ကြိုတင်ပြင်ဆင်ရန် အချက်များကို ရှင်းလင်းပြောကြားသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

# ကျိုက်လတ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆွေးနွေး

**ကျိုက်လတ် အောက်တိုဘာ ၁၇**

ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲကို ယမန်နေ့ ညနေပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်တို့က စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျေးရွာကော်မတီဝင်များက စီမံကိန်းလုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးကြပြီး မြို့နယ်ဦးစီးမှူးက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**ချောင်းဆုံ အောက်တိုဘာ ၁၇**

ချောင်းဆုံမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တာဝန်ရှိသူများက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသည့် ထူးချွန်သင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါ သင်တန်းကို



သင်တန်းသား သင်တန်းသူ ၄၇ ဦး တက်ရောက်ပြီး လေးပတ်ကြာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# သာယာဝတီခရိုင်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း သုံးသပ်ဆွေးနွေး

**သာယာဝတီ အောက်တိုဘာ ၁၇**

သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် ပတ်သက်၍ သက်ဆိုင်သူ



အားလုံး ပါဝင်သော ခရိုင်အဆင့် သုံးသပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်နှင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဇော်က စီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ သုံးသပ်ဆွေးနွေးရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆွေးနွေးချက်များအပေါ် စိစစ်သုံးသပ်ခဲ့ကြောင်း သိရသည်။

**နီလာထွေး**

# မုံရွာမြို့၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးသင်တန်းဖွင့်

**မုံရွာ အောက်တိုဘာ ၁၇**

မုံရွာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးပြီး ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးသင်တန်းဖွင့်ပွဲကို ယမန်နေ့က မုံရွာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရာတွင် ပါရှိရမည့်အချက်များ၊ ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**





# တိုက်ကြီးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး သင်တန်းဖွင့်

**တိုက်ကြီး အောက်တိုဘာ ၁၇**

တိုက်ကြီးမြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးသင်တန်းကို အောက်တိုဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

